# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

Democratic Party For A New Society (DPNS)

ပါ တီ စ ည်း ရုံး ရေး စာ စဉ်

မတ်၊ ၂၀၂၅



# စစ် နဲ့ တော်လှန်ရေး




ဒီလစကား

# စစ် နဲ့ တော်လှန်ရေး

လက်ရှိ နွေဦးတော်လှန်ရေး (၂၀၂၁) ဟာ ပြည်သူ့ ခုခံစစ်ပွဲ (လက်နက်ကိုင်တော်လှန်ရေး) အဖြစ် ကမ္ဘာသိ ဆင်နွှဲနေတာ ဖြစ်တယ်။

လက်နက်ကိုင်တိုက်ပွဲကလည်း စစ်အာဏာ သိမ်းမှုဆန့်ကျင်ရေး ဆန္ဒပြပွဲကနေ - အထွေထွေသပိတ် - လက်နက်ကိုင်ခုခံမှု - တော်လှန်စစ်အဖြစ် ဗမာ့သမိုင်း မှာ မကြုံဖူးတဲ့ အမြန်ဆုံး ကူးပြောင်းမှုနဲ့ ပေါ်ပေါက်ခဲ့ တာပဲ။ ဒါတင်မက လူမျိုးစုံပြည်သူလူထုကြီးကိုယ်တိုင် ပြည်သူ့ ခုခံစစ်ပွဲ (လက်နက်ကိုင်တော်လှန်ရေး)ကို အသိ ရှိရှိ ရွေးခဲ့တာ ဖြစ်တယ်။

အခု တော်လှန်စစ် ၄ နှစ်သက်တမ်း ကြာလာ တော့ စကားအဆန်းတချို့ တီးတိုးတီးတိုး ကြားလာ တယ်။ ***စစ်၊ တော်လှန်ရေးနဲ့ နိုင်ငံရေး ဆိုတာတွေဟာ သပ်သပ်စီလိုလို၊၊ မသက်ဆိုင်သလိုလို ....*** စသည်၊ စသည်ဖြင့်တွေပေါ့။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်၊ ၄၀ လောက်က ထောင်ထဲမှာ၊ မြေအောက်လုပ်ငန်းတွေမှာ၊ တောတောင်ထဲက လက်နက်ကိုင် တိုက်ပွဲတွေကြားမှာ စစ်အုပ်စုက ထည့်လွှတ်လိုက်တဲ့ အပင်း၊ နိုင်ငံတကာ အင်အားကြီးအုပ်စုတွေက သွင်းပေးခဲ့တဲ့ ဂျင်းအဖြစ် ပါတီရဲဘော်တွေ၊ ဗကသရဲဘော်တွေဟာ အဲ့ဒီ မီးကျိုး မောင်းပျက် တပိုင်းကြောင် လေလှိုင်းဒဏ်ကို ကြံ့ကြံ့ခံ တွန်းလှန်ခဲ့ကြရဖူးတယ်။ ၈၈ က အချိုးတွေ လာမချိုး နဲ့...လို့ ပြောင်'ကျူးရင့်နေကြတဲ့ ၂၀၂၁ ရဲ့ နွေဦးတော်လှန် ရေးကာလမှာ ဂျင်းအဟောင်း၊ အပင်း ဟောင်းတွေရဲ့ ခေတ် မရှိတော့ဘူး။ တပိုင်းကြောင် အတွေး/ အပြော တွေ လစ်ကုန်ကြပြီလို့ အောက်မေ့တဲ့ ကြားက မရဲဘဲ ကျွဲပြဲစီး ဆိုသလို တီးတိုးတီးတိုး အသံပေးလာကြ ပြန်တယ်။




လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ မိမိတို့ရဲ့ မွေးရာပါ ဖြစ်တည်မှု၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို စစ်လက်နက်အားကိုးနဲ့ အဓမ္မ ချိုးနှိမ် ချေမှုန်းလာရင် လက်နက်ကိုင်ပြီး ပြန်လည်ခုခံတာဟာ တရားတယ်လို့ ပြောင်'အတိအလင်း ရပ်တည်ပါတယ်။ အကြမ်းဖက်ဝါဒကို ဆန့်ကျင်တာနဲ့ တပြိုင်တည်းမှာ တရားတဲ့ ခုခံစစ်တွေကို ထောက်ခံတဲ့ အကြောင်းလည်း ပါတီရဲ့ အထွေထွေနိုင်ငံရေးသဘောထားမှာ သေသေချာချာ ဖော်ပြခဲ့တယ်။

၂၀၂၁ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖက်ဒရယ်ဖော်ဆောင်ရေး ပြည်သူ့ကိုယ်စားလှယ်များ ကော်မတီ (PRCF) မှာ ပါဝင်တဲ့အခါကျတော့လည်း "နိုင်ငံရေး နည်းလမ်းဆိုရာမှာ ပါတီတည်ထောင်ခြင်း၊ ရွေးကောက်ပွဲဝင်ခြင်း-ဆန့်ကျင်ခြင်း၊ လွှတ်တော်တွင်းကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အစိုးရအဖွဲ့တွင် ပါဝင် စီမံ ခန့်ခွဲခြင်း၊ လူထုကိုစည်းရုံးခြင်း၊ ဆန္ဒပြခြင်း၊ သပိတ်တိုက်ပွဲ ဆင်ခြင်း၊ စားပွဲဝိုင်းတွင် ဆွေးနွေးခြင်း၊ သံခင်းတမန်ခင်း ဆက်ဆံရေးများ ဆောင်ရွက်ခြင်း၊ လက်နက်ကိုင်တိုက်ပွဲဝင်ခြင်း ... စသည်ဖြင့် အားလုံး အကျုံးဝင်တယ်" လို့ ပါတီရဲ့ အမြင်သဘောထားကို မိတ်ဆွေ အင်အားစုတွေကြားမှာ ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့တယ်။

ဒါ့ကြောင့် စစ်ဆိုတာ နိုင်ငံရေးရဲ့အဆက် ဆိုတာတို့၊ နိုင်ငံရေးဆိုတာ သွေးမထွက်တဲ့ စစ်ပွဲပဲ ဆိုတာတို့ ... ဟိုး ကလီရှေးကာလကလို အကျယ်တဝင့် လေကုန်ခံ ငြင်းချက်ထုတ်နေဖို့ မရှိပါဘူး။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အဖို့ ***စစ်နဲ့ တော်လှန်ရေးဟာ နိုင်ငံရေးအလုပ်၊ နိုင်ငံရေးနည်းနာများထဲက နည်းလမ်းများသာ ဖြစ်တယ် ...*** လို့ တော်လှန်တဲ့ မတ်လကာလမှာ ဒီလစကားအဖြစ် ရဲဘော်များထံ စကားပါး' လိုက်ပါတယ်။ ။

*****          *****          *****

**ရည်ညွှန်း** လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အထွေထွေနိုင်ငံရေးသဘောထား (၂၀၂၁) ပါ **"တိုင်းရင်းသား တော်လှန်ရေးအင်အားစုများနှင့် ပတ်သက်သော သဘောထား" ၊ "အကြမ်းဖက်ဝါဒနှင့် ပတ်သက်သော သဘောထား"**

# " ခစ်ခေါင်းဆောင်လုပ်မယ့် ရွေးကောက်ပွဲကို အယုံအကြည်မရှိ "

## ဦးအောင်မိုးဇော် (ဥက္ကဋ္ဌ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)

VOA မြန်မာပိုင်း (မတ်၊ ၁၀၊ ၂၀၂၅ )



ဦးအောင်မိုးဇော်

ရွေးကောက်ပွဲလုပ်မယ်လို့ အတင်းပြောနေတာက ရုရှားက ကူညီတာတို့ တရုတ်က တွန်းနေတာတို့ ရှိကောင်းရှိမှာပေါ့။ အဲအတွက် မဖြစ်မနေ လုပ်ရမယ်ဆိုပြီး သူတို့လုပ်နေတာ ဖြစ်လိမ့်မယ်လို့ ကျနော် နားလည်တယ်။ အခု ရွေးကောက်ပွဲလုပ်မယ် ပြောတယ်။ အမှန်တကယ်ကျတော့ တိတိကျကျ သူလုပ်နိုင်မယ့် အနေအထားက တော်တော်လေး နည်းပါးတာကို တွေ့ရပါတယ်။

နောက် ကျနော့်နားလည်မှုက ဒီရွေးကောက်ပွဲတွေက သွေးထွက်သံယိုဖြစ်အောင် ဖိတ်ခေါ်တာဖြစ်တယ်လို့ နားလည်တယ်။ သွေးထွက်သံယိုမှုဖြစ်အောင် ဖိတ်ခေါ်မယ်ဆိုရင် အဲဒါကို အကြောင်းပြပြီး သူတို့ရဲ့ သက်ဆိုးရှည်ရေးကို ထပ်ကြိုးစားတာပဲ ဖြစ်တယ်လို့ ကျနော်နားလည်ပါတယ်။ သူတို့လုပ်တဲ့ ရွေးကောက်ပွဲက တရားမမျှတနိုင်ဘူးလို့ လူတိုင်းကလည်း သိတယ်။ အဲလိုအခြေအနေမှာ တိုင်းပြည်မှာ သွေးထွက်သံယိုတာ များလာတာကလွဲရင် ကျနော်တို့တိုင်းပြည်ရဲ့ နိုင်ငံရေးပြဿနာကို လုံးဝ ဖြေရှင်းတာ မဖြစ်နိုင်ဘူးလို့ ကျနော်ကတော့ နားလည်ထားပါတယ်။"





# ၇၆ နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုအမှတ်တရစကား

**ဒေါ်နှင်းနှင်းမွှေး ( NUCC/DPNS ) (၁၃၊ ၃၊ ၂၀၂၅။)**



ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ - PNFC နဲ့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် - PNLO/PNLA တို့ ပူးတွဲပြီး ကျင်းပတဲ့ ၇၆ နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားမှာ စကားပြောခွင့်ရတဲ့အတွက် အများကြီးပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအရေး တိုက်ပွဲအဆက်ဆက်မှာ ပါဝင်ခဲ့ကြတဲ့ ပအိုးဝ်ခေါင်းဆောင်တွေနဲ့ ပအိုးဝ်ပြည်သူအပေါင်းကို ဒီနေရာကနေ အလေးအနက် ဂါရဝပြုပါတယ်။ ကျမကတော့ အမျိုးညီညွတ်ရေး အတိုင်ပင်ခံကောင်စီ NUCC နိုင်ငံရေးပါတီများအစုအဖွဲ့မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ကိုယ်စား ပါဝင်လျက်ရှိတဲ့ နှင်းနှင်းမွှေး ဖြစ်ပါတယ်။

ဖဆပလအစိုးရရဲ့ မြေယာဝေခြမ်းရေးအစီအစဉ်ကို ၁၉၄၈ ခုနှစ်၊ မတ်လ၊ သထုံမြို့မှာ ပအိုဝ်းရွာသားတွေက ကန့်ကွက်ချီတက် ဆန္ဒပြပြီး အဆို (၃) ရပ်ကို တောင်းဆိုခဲ့ကြတယ်။ အဲဒီအဆို (၃) ရပ်ထဲက ပအိုဝ်းလူမျိုးကို တောင်သူလူမျိုးလို့ ရေးသားခေါ်ဆိုခြင်းမပြုဘဲ ပအိုဝ်းလူမျိုးလို့သာ ရေးသားခေါ်ဆို အသိအမှတ်ပြုရန်ဆိုတဲ့ အချက်ကို ဖဆပလအစိုးရက လိုက်လျောပေးခဲ့တယ်၊ အဲဒီအချိန်ကစလို့ သထုံပြည့်ရှင် ပအိုဝ်းမင်း သူရိယစန္ဒာရဲ့ မွေးနေ့ဖြစ်တဲ့ တပေါင်းလပြည့်နေ့တိုင်းကို ပအိုဝ်းအမျိုးသားနေ့အဖြစ် နှစ်စဉ် ကျင်းပလာခဲ့တယ်လို့ ကျမတို့ လေ့လာ သိရှိရပါတယ်။

ပအိုဝ်းအမျိုးသားနေ့ကို ပအိုဝ်းတိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှု ပိုမိုရရှိရေး၊ ရိုးရာယဉ်ကျေးမှုနဲ့ စာပေတွေကို ထိန်းသိမ်းကာကွယ်ရေးနဲ့ဖော်ထုတ်ရေး စတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပကြကြောင်းလည်း သိရှိရပါတယ်။ ၁၉၉၆ နောက်ပိုင်းမှာတော့ နအဖ စစ်အစိုးရက ပအိုဝ်းအမျိုးသားနေ့ကို ပအိုဝ်းအမျိုးသား ပွဲတော် အဖြစ်သို့ ပြောင်းလဲ ကျင်းပစေခဲ့ပါတယ်။ ဒါဟာ စိတ်ကောင်းစေတနာကောင်းနဲ့ ကျင်းပစေတာ မဟုတ်ဘဲ နိုင်ငံရေးရည်ရွယ်ချက်နဲ့ ကျင်းပတဲ့ပွဲကို ပျော်ပွဲရွှင်ပွဲအဖြစ် အဆင့်နှိမ့်လိုက်တာ ဖြစ်ပါတယ်။ စစ်အုပ်စုဟာ မဟာဝါဒ၊ မဟာဗမာလူမျိုးကြီးဝါဒကို လက်ကိုင်ထားပြီး ခွဲခြားဖိနှိပ်မှုတွေကို အစီအစဉ်ရှိရှိ အမြဲ ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ သာဓကတခုလည်း ဖြစ်ပါတယ်။

စစ်အုပ်စုက ဘယ်လိုပဲ ပြုမူဆောင်ရွက်သည် ဖြစ်ပါစေ။ အခု နွေဦးတော်လှန်ရေးကာလမှာတော့ ကျမတို့ညီအကိုမောင်နှမ သွေးချင်းသားရင်းတွေရဲ့ကြားမှာ ယခင်ကထက် ပိုမိုနီးကပ်တဲ့ ဆက်ဆံရေးတွေကို တည်ဆောက်နိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။ NUCC မှာလည်း ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC) က ပအိုးဝ်အမျိုးသားတွေကို ကိုယ်စားပြုပြီး ပါဝင်ဆောင်ရွက်လျက် ရှိနေပြီ ဖြစ်ပါတယ်။

စစ်အုပ်စုနဲ့ အာဏာကို အလွဲသုံးခဲ့တဲ့သူတွေကြောင့် ကျမတို့နိုင်ငံမှာ လွတ်လပ်မှု၊ တန်းတူမှုနဲ့ အမျိုးသားသွေးစည်းညီညွတ်မှုတို့ ပျောက်ဆုံးခဲ့ရပါတယ်။ အခုတော့ အဲ့ဒါတွေကို ဖော်ဆောင်နိုင်မယ့် အချိန်ကာလဟာ မဝေးတော့ဘူးလို့ ယုံကြည်ပါတယ်။


အမျိုးသားတန်းတူရေး၊ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်အမျိုးမျိုး ချုပ်ငြိမ်းပပျောက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေးဆိုတဲ့ ရည်မှန်းချက်တွေနဲ့ ပအိုဝ်းအမျိုးသား ဖက်ဒရယ်ကောင်စီ PNFC ရဲ့နိုင်ငံရေးဦးဆောင်မှုအောက်ကနေ PPDF (KD)နဲ့ PNDF(KK) အစရှိတဲ့ ပအိုးဝ် လက်နက်ကိုင် ခုခံတော်လှန်ရေးတပ်ဖွဲ့တွေ ဖွဲ့စည်းပြီး တိုက်ပွဲဝင်နေတယ်လို့ သိရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အနာဂတ်ကာလမှာ နိုင်ငံရေးအရ၊ လူမျိုးရေးအရ၊ အမျိုးသားရေးအရ တန်းတူမှုရှိတဲ့ ပအိုဝ်းပြည်နယ် ပေါ်ပေါက်ရေးနဲ့ ပြည်ထောင်စုထဲက ပြည်နယ်တခုဖြစ်လာစေရေးတို့ကို ရည်ရွယ်မျှော်မှန်းကြောင်း ခေါင်းဆောင်တွေရဲ့ပြောကြားချက်တွေအရ ကြားသိရပါတယ်။

**"ပြည်ထောင်စုအရေးသည် ပအိုးဝ်အရေးဖြစ်သည်"** ဆိုတဲ့ ခံယူချက်နဲ့ တော်လှန်တိုက်ပွဲဝင်လျက်ရှိကြတဲ့ ခေါင်းဆောင်များအပါအဝင် ပအိုးဝ်ပြည်သူတရပ်လုံးကို အစဉ်ထာဝရ လေးစားဂုဏ်ယူလျက်ရှိကြောင်း ပြောကြားရင်းနဲ့ ကျမရဲ့ အမှတ်တရစကားကို နိဂုံးချုပ်ပါတယ်။ နိုင်ငံရေးအရ၊ လူမျိုးရေးအရ၊ အမျိုးသားရေးအရ တန်းတူမှုရှိတဲ့ ပအိုဝ်းပြည်နယ်တရပ် မကြာမတင်ကာလမှာ ပေါ်ပေါက်လာနိုင်ပါစေကြောင်းကိုလည်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

အရေးတော်ပုံ မုချမသွေ အောင်ရမည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

*****   *****   *****

# ဝေါဟာရ နားလည်မှုနဲ့ အတွေးအခေါ် ရှုပ်ထွေးခြင်း




လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအဖို့ နွေဦးတော်လှန်ရေး-ပြည်သူ့ခုခံစစ်မှာ တိုက်ပွဲသင်္ကေတန်စုံ ဆက်စပ်ပူးပေါင်း ပါဝင်ဖို့ ဆုံးဖြတ် လှုပ်ရှားခဲ့တာ ၄ နှစ်ကျော်လို့ ၅ နှစ်ဆီ ခြေဦးစ'ခဲ့ပြီ။ တိုက်ပွဲက ရှည်ကြာ ရှုပ်ထွေး ရင့်မာလာတဲ့အခါ လိုအပ်ချက်အရ ပါတီတွင်း မူဝါဒလမ်းစဉ် လုပ်ငန်းစဉ်ဆိုင်ရာ ကြိတ်ချေ ဆွေးနွေး ရှင်းလင်းမှုတွေ ခပ်စိပ်စိပ် လုပ်လာကြရတယ်။

ပါတီဝင်ရဲဘော်တိုင်း သိကြတဲ့ ပါတီဝင်လက်စွဲစာအုပ်နဲ့ စည်းရုံးရေးမှူးတိုင်း သိကြမယ့် စည်းရုံးရေး လက်စွဲစာအုပ်ဆိုပြီး ပါတီမှာ စာအုပ် ၂ အုပ် ထုတ်ဝေ ဖြန့်ချိထားတာ ရှိတယ်။ ပါတီရဲ့ အထွေထွေ နိုင်ငံရေး သဘောထားနဲ့ ပတ်သက်ရင် စည်းရုံးရေးလက်စွဲစာအုပ်မှာ ပိုအသေးစိတ် ဖော်ပြတယ်။ စည်းရုံးရေးလုပ်ငန်း မှာ တွေ့ကြုံရနိုင်တဲ့ ကိစ္စရပ်တွေကို အမေး-အဖြေသင်္ကေတန် ဖော်ပြ ရှင်းလင်းထားတယ်။

အထက်က ဆိုခဲ့တဲ့ ပါတီတွင်း မူဝါဒလမ်းစဉ် လုပ်ငန်းစဉ်ဆိုင်ရာ ကြိတ်ချေ ဆွေးနွေး ရှင်းလင်းမှုတွေ လုပ်ကြတော့ အဲ့ဒီစာအုပ် ၂ အုပ်ပါ အကြောင်းအရာတွေကို အဓိက ပြောဆို ဆွေးနွေးကြတာပဲ။ ကွန်ရက် အလိုက်၊ ကော်မတီအလိုက်၊ အလုပ်ဌာနအလိုက်၊ အုပ်စုအလိုက် ဆွေးနွေးကြတဲ့အခါ အချို့ ကြိတ်ချေ-မကြေတဲ့ အဖုအထစ်များ ကြုံကြရတယ်။ အဲ့ဒီမှာ အခု ခေါင်းစဉ်တပ်ထားတဲ့ ဝေါဟာရ နားလည်မှုနဲ့ အတွေးအခေါ် ရှုပ်ထွေးခြင်း ဆိုတဲ့ကိစ္စ ပြောဖို့ လိုလာတယ်။

အထက်က စာအုပ် ၂ အုပ်လုံးဟာ လိုအပ်ချက်အရ ၁) နိုင်ငံရေးဆန်အောင် ၂) တို ကျုံ့ ကျစ်လျစ် အောင် ပြင်ဆင် ပြုစုထားတယ်။ သုံးထားတဲ့ ဝေါဟာရအသုံးအနှုန်းများဟာ အများစုက နိုင်ငံရေးဝေါဟာရ တွေ ဖြစ်နေတယ်။ လိုအပ်ချက်အရ ဖြစ်တာမို့ အရပ်သုံးစကားလုံးတွေနဲ့ ဖောင်းပွစာအုပ်ထူကြီး တွေမျိုးလည်း မလုပ်ခဲ့ဘူး .... ဆိုတော့ ပါတီခေါင်းဆောင်တွေအဖို့ အတွေ့အကြုံကပေးတဲ့ သင်ခန်းစာသစ် ရလာတယ်။ မိမိတို့ပါတီမှာ မဆလပါတီလို "ပါတီတွင်း ဝေါဟာရရှင်းလင်းချက်များ"လို့ တကျမ်းတဖွဲ့ စီစဉ်ထားမှု မရှိတာ၊ အဲ့ဒါမျိုး စီမံဖို့ လိုလေမလား တွေးလာရတာ ဖြစ်တယ်။

ကျနော့်ရဲ့ အမြင်ကတော့ ***ဝေါဟာရ နားလည်မှုဆိုတာ " မေးမြန်း ဆွေးနွေးမှုနဲ့ ဖတ် မှတ် လေ့လာမှု " အားထုတ်မှု ၂ မျိုးနဲ့ ကျော်နိုင်တယ်၊ အတွေးအခေါ် ရှုပ်ထွေးခြင်းအတွက်ကတော့ " ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရေး " ကို သေသေချာချာ လုပ်ကြရမယ်*** ထင်မိတယ်။ သေသေချာချာ ဆိုတာ အယူအဆ သဘောတရား သဘောထားအပိုင်းမှာ အညာအတာ အငဲ့အကွက် ကင်းကင်းနဲ့ ဆွေးနွေးပြောဆိုမှု လုပ်ဟန်ကျရင် လေးစား သက်ညှာမှုအခြေခံနဲ့ ဆောင်ရွက်တာကို ဆိုချင်တာပဲ။

အကြောင်း ရှိပါတယ်။ တချို့ဖော်ပြချက်တွေဟာ ယုံကြည်မှု၊ ရပ်တည်ချက်တွေ ဖြစ်ပြီး၊ တချို့က တော့ သဘောထားတွေ၊ လုပ်ငန်းစဉ်တွေ စတဲ့ဟာတွေကို ဖော်ပြထားတာ ဖြစ်လို့ပဲ။

သဘောထားတွေ၊ လုပ်ငန်းစဉ်တွေ ဆိုတာ ယုံကြည်မှု၊ ရပ်တည်ချက်တွေနဲ့ ချိန်ထိုး စစ်ဆေးပြီး ငြင်းကြခုန်ကြ၊ စောဒကတက်ကြ၊ ပို လက်တွေ့ဆန်အောင် မွန်းမံကြ ဆိုတာမျိုး စဉ်ဆက်မပြတ် မလုပ်မဖြစ် အားထုတ်နေကြရမှာပါ။ ဒီနေရာမှာ ရဲဘော်တွေအတွက် မေးမြန်း ဆွေးနွေးမှုနဲ့ ဖတ် မှတ် လေ့လာမှု လုပ်နိုင်တဲ့ ပါတီတွင်းအခင်းအကျင်းကို ပြင်ဆင် စီမံထားပေးဖို့က ပါတီခေါင်းဆောင်များနဲ့ ပါတီကေဒါများရဲ့ အလုပ်ဝတ္တရားတခုလို့ ဆိုရပါလိမ့်မယ်။

ဖြည့်စွက်ရရင်တော့ ယုံကြည်မှုတွေ၊ ရပ်တည်ချက်တွေ ဆိုတာ နိုင်ငံရေးပါတီတခုမှာ ရှုပ်ထွေးချင်လို့ မရပါ။ ပါတီဆိုတာကိုက ယုံကြည်မှု၊ ရပ်တည်ချက် တူသူတွေချင်း အလုပ်တူ စုလုပ်ကြဖို့ ပေါင်းဖွဲ့ထား တာပါ။ ဟေးလေးဝါးဟား လူစုလူဝေး မဟုတ်ပါ။ နောက်တခုက ယုံကြည်မှုတွေ၊ ရပ်တည်ချက်တွေ ဆိုတာ ခံယူထားကြရတာ ဖြစ်ပြီး ချမှတ်ပေးထားတာမျိုး လုံးဝ မဟုတ်ပါ။ ယုံကြည်မှု၊ ရပ်တည်ချက် အပိုင်းမှာ ကွဲလွဲနေရင်၊ သံသယရှိရင် နိုင်ငံရေးပါတီတခု အတူတူ ပေါင်းဖွဲ့ ထူထောင်လို့ မရနိုင်ပါ။ ဒီနေရာမှာ တချို့တွေ အဖို့က အတွေးအခေါ်အရကို ရှုပ်ထွေးနေပြီလို့ သတ်မှတ်ကြရတော့မှာ ဖြစ်တယ်။ အရေးကြီးပြီး နက်နဲတဲ့ ပါတီတွင်းပြဿနာရပ် ရှိနေပြီဆိုတဲ့ နားလည်ချက်နဲ့ ပါတီခေါင်းဆောင်များအနေနဲ့ သေသေချာချာ မကိုင်တွယ် မကြိတ်ချေခဲ့ရင် တိုက်ပွဲကို ရင်ဆိုင်နေရတဲ့ နိုင်ငံရေးပါတီတရပ်အဖို့ ***သေးတဲ့အမှု ကြီးလာအောင်၊ ကြီးတဲ့အမှု ရှင်းမရအောင်*** လုပ်မိလျက်သား ဖြစ်သွားနိုင်ပါတယ်။ တပါတည်း ဆိုသလိုပဲ ပါတီရဲ့ စည်းရုံးရေးစည်းကမ်း ဖြစ်တဲ့ ***ဒီမိုကရေစီဗဟိုချုပ်ကိုင်မှု*** ဆိုတာကို ပါတီရဲဘော်တိုင်း သိ နားလည် ရှင်းလင်း လက်ခံ အသားကျနေအောင် အားထုတ်ကြဖို့က ပါတီခေါင်းဆောင်များနဲ့ ပါတီကေဒါများရဲ့ စည်းရုံးရေး ဆိုင်ရာ အလုပ်တခု ဖြစ်တာကို လေးနက်ကြရမယ် ထင်မိပါတယ်။ သိသလိုလိုနဲ့ မသိ၊ ရှင်းသလိုလိုနဲ့ မရှင်း၊ လက်ခံသလိုလိုနဲ့ သွေဖည် ဆိုတဲ့အခြေအနေမျိုးနဲ့ တိုက်ပွဲလက်တွေ့မှာ ပါတီဟာ မှတ်ကျောက် အတင် မခံနိုင်ပါဘူး။

အခုတပတ်တော့ ပါတီခေါင်းဆောင်တွေ၊ ပါတီကေဒါတွေကို တိုက်ရိုက်ဆွေးနွေး ဖေါ်ပြချက်ပါပဲ။ အလျဉ်းသင့် သလို "ဆက်ရန်" တွေ လာပါဦးမယ်။ ။

စောဝင်း

***** ***** *****

# ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်နိုင်သည်အထိ

လွန်းနွေငြိမ်း




နိုင်ငံကိုချစ်တဲ့၊ လူမျိုးပေါင်းစုံပြည်သူတွေကိုချစ်တဲ့၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို တခါမှ မမြင်ဖူးသေးပေမဲ့ စိတ်ကူးထဲကနေ မှန်းဆပြီး ချစ်နေကြတဲ့ ပြည်သူတယောက်စီတိုင်းအတွက် အတွေးစတွေ ဖြန့်ကျက်နိုင်ဖို့ ချစ်ခင်တန်ဖိုးထားစွာဖြင့် အချက်အလက်အချို့ကို တင်ပြပေးချင်ပါတယ်။ တင်ပြပါရစေ။

## Bottom-up Federalism

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်နေ့မှာ တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်နယ်/ လူမျိုး ကိုယ်စားပြုကောင်စီများ စုစုပေါင်း (၉) ဖွဲ့ကနေ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် သဘောထားထုတ်ပြန်ကြေညာချက်တရပ်ကို အတိအလင်း ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်မှာ Bottom-up Federalism ကို အဓိပ္ပါယ်ဖွင့်ပြထားတာလည်း တွေ့ကြရပါတယ်။

ထုတ်ပြန်ချက်မှာ **"ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် ပြည်နယ်အားကောင်းရေးကို ရှေ့ရှုသည့် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federal -ism) ချဉ်းကပ်မှုဖြင့် တော်လှန်ရေးကာလ/ ကြားကာလမှ စတင်၍ မိမိတို့ ပြည်နယ်/ လူမျိုး ကိုယ်စားပြုကောင်စီများ၊ တိုင်းရင်းသား ခုခံတော်လှန်ရေးအဖွဲ့အစည်းများမှ အတူတကွ တည်ဆောက်သွားမည်။"** လို့ ဖော်ပြထားပါတယ်။

ကျနော်တို့နိုင်ငံရဲ့ သမိုင်းကို ပြန်ကြည့်ရင် ပြည်ထောင်စုလို့ ဆိုခဲ့ကြပေမဲ့ အာဏာရအစိုးရ အဆက်ဆက်က တပြည်ထောင်စနစ်ကိုချည်း ကျင့်သုံးခဲ့ကြတာ ဖြစ်ပါတယ်။ ဗဟိုအစိုးရက အာဏာအလုံးစုံကို ကိုင်ထားပြီး ပြည်နယ်အစိုးရဆိုတာက ဗဟိုအစိုးရရဲ့ ဝန်ထမ်းတယောက်လို၊ လက်အောက်ခံဌာနတခုလို ပြုမူကျင့်ကြံခဲ့ကြတာ ဖြစ်ပါတယ်။ ၁၉၄၇ ဖွဲ့စည်းပုံ၊ ၁၉၇၄ ဖွဲ့စည်းပုံ၊ ၂၀၀၈ ဖွဲ့စည်းပုံတွေမှာ ပြည်နယ်တွေရဲ့ လုပ်ပိုင်ခွင့်က အလွန်ကို ပါးလျားလှပါတယ်။ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်မှုမရှိသလို ဒီမိုကရေစီနဲ့ အခြေခံ အခွင့်အရေးတွေလည်း လုံးလုံးဆိတ်သုဉ်းခဲ့တာ ဖြစ်ပါတယ်။

ဒီအချက်တွေကို ဖြည်ထုတ်ပစ်ဖို့၊ ကျော်လွှန်ဖို့ဆိုရင် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုနဲ့ သွားမှ ရမယ်ဆိုတာ လုံးဝ သေချာပါတယ်။

ကြေညာချက်မှာ အခုလို အကျယ် ဆက်ပြီး ရှင်းပြထားတာ တွေ့ရပါတယ်။

**" ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ကို အောက်ပါ အခြေခံမူများနှင့်အညီ တည်ဆောက်သွားမည်။**

**(က) အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်များသည် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များနှင့် ၎င်းပြည်နယ်/ ဖက်ဒရယ်ယူနစ်များအတွင်းရှိ ပြည်သူလူထုများ ဖြစ်သည်။**

**(ခ) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များသည် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည်။**

**(ဂ) အချုပ်အခြာအာဏာ (Sovereignty)၊ သွေးစည်းညီညွတ်မှု (Solidarity)၊ လူထုနှင့်အနီးကပ်ဆုံး အာဏာ (Subsidiarity) နှင့် အချိုးကျမှု (Proportionality) အခြေခံမူများအတိုင်း လုပ်ပိုင်ခွင့်အာဏာ ခွဲဝေခြင်းကို ဆောင်ရွက်မည်။"**

ဒီရှင်းလင်းချက်တွေကို ကြည့်လိုက်ရင်ပဲ အတိတ်က အားနည်းချက်တွေကို သင်ခန်းစာယူပြီး ပြန်လည် တည့်မတ်နိုင်ဖို့ အသေအချာ ပြင်ဆင်ရေးဆွဲ ချမှတ်ခဲ့ကြတာ ထင်ရှားပါတယ်။ ရေးဆွဲချမှတ်ခဲ့ကြတဲ့ အဖွဲ့အစည်း (၉) ဖွဲ့ ဆိုတာကလည်း တော်လှန်ရေးကြီးအတွင်း၊ လှုပ်ရှားမှုကြီးအတွင်း နှစ်ပေါင်းများစွာ ရှေ့တန်းကနေ မားမား မတ်မတ်ရပ်ခံ တိုက်ပွဲဝင်နေကြတဲ့ အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ လူထုနဲ့အတူ တိုက်ပွဲဝင်နေသူတွေဖြစ်လို့ လူထုလိုအပ်ချက်တွေကို ထပ်တူခံစား ချမှတ်နိုင်ခဲ့ကြတာ ဖြစ်တယ်လို့ ကျနော် တန်ဖိုးထားမိပါတယ်။

## Chin Brotherhood၊ CRPH၊ NLD၊ NUCC နှင့် NUG တို့ရဲ့ ပူးတွဲ ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့မှာ Chin Brotherhood၊ CRPH၊ NLD၊ NUCC နှင့် NUG တို့ ပါဝင်တဲ့ အဖွဲ့အစည်း (၅) ဖွဲ့က ပူးတွဲထုတ်ပြန်ကြေညာချက်တရပ်ကို ထုတ်ပြန်တာ တွေ့ရပါတယ်။

ထုတ်ပြန်ချက်မှာ ဖော်ပြပါအဖွဲ့အစည်း (၅) ခုက **" (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် တော်လှန်ရေးကာလ/ ကြားကာလမှ စတင်ကာ အနာဂတ် ဖက်ဒရယ်ဒီမိုရေစီပြည်ထောင်စု တည်ဆောက်နိုင်သည်အထိ လျှောက်လှမ်းနေကြပြီ ဖြစ်ကြောင်း"** လို့ သူတို့ရဲ့ ယုံကြည်မှုနဲ့ လက်ရှိ ဆောင်ရွက်နေမှုကို ဖော်ပြထားပါတယ်။

ထုတ်ပြန်ကြေညာလိုက်တဲ့ တနည်းအားဖြင့် လူမျိုးပေါင်းစုံပြည်သူလူထုနဲ့ နိုင်ငံတကာကို အခုလို ရှင်းလင်းတိကျစွာ အသိပေးတင်ပြလိုက်တဲ့ အဖွဲ့အစည်းကြီး (၅) ဖွဲ့ရဲ့ ရပ်တည်ချက်နဲ့ သံမဏိဌာန်ကို ကြည့်လိုက်ရုံနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးခရီးစဉ်ဟာ အဆင့်တခုကို ရောက်ရှိနေပြီလို့ ကျနော့်အနေနဲ့ နားလည် ယုံကြည်မိပါတယ်။ ဒီအတွက် အားထုတ်လုံးပမ်းနေသူအားလုံးကို ကျေးဇူးလည်း တင်ပါတယ်။

### ဖက်ဒရယ်ယူနစ်တွေက ၇ တိုင်း ၇ ပြည်နယ် ဇာတ်ထုတ်ဟောင်းအတိုင်း ဆက်ဖြစ်သွားမလား

မိတ်ဆွေအချို့နဲ့ စကားပြောကြည့်တဲ့အခါ ဒီစိုးရိမ်မှုကို တွေ့ကြရပါတယ်။

၁၉၇၄ ဖွဲ့စည်းပုံကစပြီး ပြည်ထောင်စု စုဖွဲ့ပုံက ၇ တိုင်း၊ ၇ ပြည်နယ် ဖြစ်ခဲ့တယ်။ အခြားတိုင်းရင်းသားတွေ ၁ ကျပ် ရတဲ့အချိန်မှာ ဗမာတိုင်းရင်းသားက ၇ ကျပ် ယူနေတယ်လို့ ခံစားကြရတာ ဖြစ်ပါတယ်။ လက်တွေ့မှာ ၁၄ ကျပ်လုံးကို စစ်အုပ်စုထိပ်သီးတွေကပဲ မတရား လုယူအပိုင်စီးထားပြီး ၁ ကျပ်ရတဲ့သူရော၊ ၇ ကျပ်ရတယ် အထင်ခံရတဲ့သူရောက ခြူးတပြားမှ မရခဲ့ကြဘူးဆိုတာ ကနေ့ကျ အတော်ကြီး ထင်ရှားသွားပါတယ်။

သို့ပေမဲ့ ဒီစိုးရိမ်စိတ်က သဘာဝကျပါတယ်။ အနှစ်သာရ အသာထားဦး။ အမြင်အရကိုပဲ မတင့်တယ်ဘူး ဖြစ်ပါတယ်။ တန်းတူရေးကို ထိခိုက်စေပါတယ်။ ဗမာတိုင်းရင်းသားကလည်း အခြား တိုင်းရင်းသားတွေလိုပဲ ပြည်နယ်တခုပဲ ယူတာက အသင့်လျော်ဆုံး ဖြစ်ပါတယ်။ ဒါကြောင့်ပဲ အခြား တိုင်းရင်းသား ၇ မျိုးနဲ့အတူတူ ဗမာတိုင်းရင်းသားက တပြည်နယ်ယူပြီး ၈ ပြည်နယ်အဖြစ် ဖွဲ့ကြမယ် ဆိုတဲ့ အဓိပ္ပါယ်ကို ဆောင်တဲ့ ၈ ပြည်နယ်မူကို စဉ်းစားကြ၊ ချမှတ်ခဲ့ကြပါတယ်။ ၁၉၈၉ ခုနှစ် နှစ်လည်လောက်ဆီက ထုတ်ပြန်ခဲ့တဲ့ ဗိုလ်အောင်ကျော်လမ်း ကြေညာချက်ဆိုတာ ဒီအနှစ်သာရအတိုင်း ပြည်ထောင်စုကို ပြန်လည်စုဖွဲ့ကြမယ်ဆိုတဲ့ သဘောထားဖြစ်တယ်လို့ ကျနော် နားလည်ပါတယ်။

၈ ပြည်နယ်မူဆိုတာ ပြည်နယ်သစ်တွေကို ကန့်သတ်ထားတဲ့သဘော ဖြစ်နေမလား ဆိုတဲ့ မေးခွန်း ရှိဖူးပါတယ်။ ပြည်နယ်သစ်တွေကို ကန့်သတ်ထားတဲ့သဘော လုံးလုံး မဟုတ်ပါဘူး။ ဗမာတိုင်းရင်းသားတွေအတွက် တပြည်နယ် ဆိုတာကိုပဲ လေးနက်စေတဲ့ ဖော်ပြချက် ဖြစ်ပါတယ်။

ပြည်နယ်သစ်ကတော့ ပြည်နယ်သစ်များ ဆိုင်ရာမူများ၊ စံသတ်မှတ်ချက်များ (Criteria) များ၊ လုပ်ထုံး လုပ်နည်းများနဲ့ ဆက်သွားကြရမှာ ဖြစ်တယ်လို့ အားလုံးက နားလည်ထားကြတာ ဖြစ်ပါတယ်။ ပြည်နယ်သစ်များ ဆိုတာလည်း မုချ ရှိလာမှာဖြစ်ပါတယ်။ လက်တွေ့မှာလည်း တောင်းဆိုမှုတွေ၊ ပြင်ဆင်မှု

တွေ ရှိနေတာ အားလုံး ကြားသိနေကြရတာ ဖြစ်ပါတယ်။ ပေါ်ပေါက်လာမယ့် ပြည်နယ်သစ်များကိုလည်း ကျနော်တို့ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြရမှာ ဖြစ်ပါတယ်။

## တိုင်း ၇ တိုင်းကို ပေါင်းပြီး ဗမာပြည်နယ် သတ်မှတ်လိုက်မှာလား

လုံးဝ မဟုတ်ပါဘူး။ ဗမာပြည်နယ်သတ်မှတ်ရန် ထိုက်တဲ့ တိုင်းအချို့က ဗမာပြည်နယ် ဖြစ်သွားပြီး အချို့က လူမျိုးအများအပြား စုပေါင်းနေထိုင်ကြတဲ့ အမျိုးသားများပြည်နယ်တွေ ဖြစ်သွားမှာ ဖြစ်တယ်လို့ FCDCC ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) မှာကတည်းက စဉ်းစားချမှတ်ခဲ့ကြတာ ရှိပါတယ်။

ဒါကြောင့် ကာလတခုမှာ ကျနော်တို့ မြင်ကြရမယ့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးမှာ ဗမာပြည်နယ်ဆိုတာ ပါလာမယ်။ အမျိုးသားများပြည်နယ် ဆိုတဲ့ ပြည်နယ်မျိုးတွေ ပါလာမယ်။ အသစ်စုဖွဲ့ကြတဲ့ ပြည်နယ်အသစ်တွေလည်း ပါလာမယ်။ ဘယ်နှပြည်နယ် ဖြစ်သွားမလဲ မပြောနိုင်သေးပေမဲ့ ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ တိုင်ပင်ညှိနှိုင်းပြီး ချစ်ကြည်သွေးစည်းစွာ စုပေါင်းတည်ဆောက်ကြမှာမို့ ကျနော်တို့အားလုံးရဲ့ အနာဂတ်ပြည်ထောင်စုကြီးက တွေးကြည့်ရုံနဲ့တင် ကြည်နူးစရာ ဖြစ်နေပါပြီ။ ပန်းတိုင်းပွင့်ပြီး ပွင့်တဲ့ပန်းတိုင်း မွှေးပျံ့လန်းဆန်းနေမယ့် လောကသစ်ကြီးကို မြင်တွေ့ကြရတော့မှာပါ။ အဲဒီနေ့ကလည်း အလွန် မဝေးတော့ဘူးလို့ ယုံကြည်မျှော်လင့်လို့ ရနေပါပြီ။

## Articles of Federal Transitional Arrangements (AFTA)

အသွင်ကူးပြောင်းရေးကာလ အစီအမံများလို့ ပြန်မလား။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ပြင်ဆင်မှုများလို့ ပြန်ကြသလား ကျနော် မသိပါဘူး။ ကျနော် သိတာလောက်ကိုပဲ ကျနော် တင်ပြပါ့မယ်။ ဒီအစီအစဉ်က NUCC ရဲ့ ဖက်ဒရယ်ဒီမိုကရေစီအငြိုညာဉ် (FDC) အစိတ်အပိုင်း(၁) ရဲ့ အခန်း (၃) အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ် သို့မဟုတ် နိုင်ငံရေးလမ်းပြမြေပုံရဲ့ နံပါတ် ၈။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ နံပါတ် ၈ ကို ဆောင်ရွက်နေကြတာ အတော်ကြီး ခရီးရောက်နေပြီလို့ သိရပါတယ်။ ညီညီညွတ်ညွတ်နဲ့ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးအတွက်အထိပါ ရည်မျှော်ပြီး စိတ်အားထက်သန်စွာ ဆောင်ရွက်နေကြတာမို့ ကျနော့်အနေနဲ့ ကြိုးပမ်းဆောင်ရွက်နေကြသူအားလုံးကို အများကြီး တန်ဖိုးထားပါတယ်။

## ပြည်နယ်သစ်တွေကိစ္စနှင့် နယ်နမိတ်သတ်မှတ်မှုကိစ္စများ

ကျနော့်သိရှိတာတော့ ဗမာပြည်နယ်သတ်မှတ်တာအပါအဝင် အဲဒီကိစ္စတွေကို အသွင်ကူးပြောင်းရေးကာလမှာ လူထုရဲ့ဆန္ဒနဲ့အညီ ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်နေ့ထုတ် အဖွဲ့ (၅) ဖွဲ့ရဲ့ ပူးတွဲထုတ်ပြန်ကြေညာချက် အပိုဒ် (၆) မှာ

**“ကျွန်ုပ်တို့သည် ပြည်နယ်/ဖက်ဒရယ်ယူနစ်များ သတ်မှတ်ဖွဲ့စည်းရေးနှင့် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ရေး ကိစ္စရပ်များကို အသွင်ကူးပြောင်းရေးကာလ ရောက်ရှိသည့်အခါ ပြည်သူလူထု၏ ဆန္ဒကို အခြေခံ၍ မည်သည့် ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အစိကသက်ဆိုင်သူအားလုံး ပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲများတွင် ငြိမ်းချမ်းစွာ ညှိနှိုင်းဆောင်ရွက်သွားမည်။ တော်လှန်ရေးအင်အားစုများ အချင်းချင်းကြား ဖြစ်ပွားသော မည်သည့် အငြင်းပွားမှုကိုမဆို မိတ်ဖက်ပဋိပက္ခများအဖြစ် မှတ်ယူ၍ ငြိမ်းချမ်းသော နည်းလမ်းများဖြင့်သာ ဖြေရှင်း ဆောင်ရွက်သွားကြမည်။”** လို့ ဖော်ပြထားတာ တွေ့ကြရပါတယ်။ အင်မတန် မင်္ဂလာရှိတဲ့ နိုင်ငံရေးယဉ်ကျေးမှု ဖြစ်ပါတယ်။

ဆယ်စုနှစ်ပေါင်းများစွာ မဆွေးနွေးဘဲ၊ ဆွေးနွေးခွင့်မရှိခဲ့ဘဲ ကြိတ်မှိတ်ပြီး လက်ခံထားကြရ၊ ရှည်လျားလှတဲ့ ပြည်တွင်းစစ်ကြီးအတွင်းမှာ ပြေးလွှား ပုန်းအောင်း ပြောင်းရွှေ့ပြီး မနေချင်ဘဲ နေခဲ့ကြရ၊ မရွှေ့ပြောင်းချင်ဘဲ ရွှေ့ပြောင်းခဲ့ကြရတဲ့ ကျနော်တို့ ပြည်သူတွေအတွက် ကိုယ့်ပြေကိုယ့်မြေဆိုတာ ရင်ထဲမှာသာ ထားခဲ့ကြရတာပါ။ ခုချိန်မှ ဒါတွေကို ပြန်ပြီး ရင်ထဲမှာ သိမ်းဆည်းထားတဲ့အတိုင်း စုစည်း တည်ဆောက်ကြရတော့မယ် ဆိုတဲ့အခါမှာ နယ်နမိတ်ကိစ္စ၊ မြေပုံတွေထပ်နေတဲ့ ကိစ္စတွေဟာ သဘာဝ ကျစွာပဲ ရှိနေကြမှာ ဖြစ်ပါတယ်။ အငြင်းပွါးစရာ၊ ဆွေးနွေးစရာ၊ ညှိနှိုင်းယူစရာတွေ အနမတဂ္ဂ ရှိနေနိုင် ပါတယ်။

အဲလို ဖြစ်ကြရတာ ပြည်သူတွေမှာ တာဝန်မရှိပါဘူး။ ဒါတွေရဲ့တရားခံက မဟာဗမာလူမျိုးကြီးဝါဒနဲ့ စစ်အာဏာရှင်စနစ်ပဲ ဖြစ်ပါတယ်။ လူမျိုးစုံပြည်သူတွေအပေါ် အနိုင့်အထက်ပြုပြီး ထင်တိုင်း စစ်ခင်းခဲ့ကြလို့ ဖြစ်ပါတယ်။ မွေးဖွားတာ တနေရာ၊ ကြီးပြင်းရတာ တနေရာ ဆိုတာမျိုးတွေ ကြေကွဲစရာဇာတ်လမ်းတွေ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ခဲ့ကြရတာပါ။ စစ်အာဏာရှင်တွေ အကုန်အစင် ဖယ်ရှင်းပြီးတဲ့ ကာလမှာ ကျနော်တို့ ပြည်ထောင်စုသားတွေ အချင်းချင်းကြားမှာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ အကျေအလည် ညှိနှိုင်းလိုက်ကြရင် မပြေလည်နိုင်စရာအကြောင်း ဘာမှ မရှိပါဘူး။ အရာရာကို ညှိနှိုင်းဖြေရှင်းယူလို့ ရပါတယ်။

အဓိကက” ကျနော်တို့ဟာ ပြည်ထောင်စုသားတွေ ဖြစ်တယ်။ ညီအကိုမောင်နှမအရင်းတွေ ဖြစ်တယ်။ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ချစ်ကြည်သွေးစည်းစွာ စုပေါင်းနေထိုင်ချင်သူတွေ ဖြစ်တယ်။ ကျနော်တို့ တသက်လုံး မျှော်မှန်းခဲ့ကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမျိုးကို မရရအောင် တည်ဆောက်ကြမယ်”ဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ သံဓိဋ္ဌာန်ကိုသာ စွဲမြဲစွာ၊ ယုံကြည်စွာ၊ လေးနက်စွာ ကိုင်စွဲထားကြဖို့ပဲ လိုအပ်ပါတယ်။

လွန်းနွေငြိမ်း<br>၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်

*****　　　*****　　　*****



ဒေါ်နှင်းနှင်းမွှေး

# "ကျွဲခရီး နီးပြီလား"

**အတုအယောင် ရွေးကောက်ပွဲ ဆန့်ကျင်တိုက်ဖျက်ရေး လှုပ်ရှားမှုကော်မတီ – ASECC စကားဝိုင်း (ဖေဖော်ဝါရီ၊ ၁၊ ၂၀၂၅ )**

**ဒေါ်နှင်းနှင်းမွှေး (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ – DPNS )**

*မေး- ဆရာမ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံနဲ့ နှိုင်းယှဉ်ဆွေးနွေးပေးပါ။*

**ဖြေ-** ကျမအမြင်ပြောရရင် ဒီခရီးက အရင်ကထက်စာရင်တော့ အများကြီး နီးလာပြီလို့ ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခရီးတခုဆိုတာက စပြီးတော့ မလှမ်းရင် ဘယ်တော့မှ မရောက်ဘူး။ တလှမ်းချင်း လှမ်းရင်းနဲ့ ရောက်သွားတာ ဖြစ်တယ်။ ကျမတို့ မြန်မာစကားပုံမှာ "တနေ့တလံ ပုဂံ ဘယ်ရွေ့မလဲ" ဆိုတာ ရှိတယ်။ ကျမတို့ ၄ နှစ်တာ လျှောက်လှမ်းပြီးပြီဆိုတော့ တော်တော်တော့ ခရီးရောက်နေပြီ ဖြစ်တယ်။

ပြီးခဲ့တဲ့ ၁၉၈၈ အရေးတော်ပုံကြီးက အရင့်အရင်သော တော်လှန်ရေးတိုက်ပွဲတွေရဲ့ အဆက်ဖြစ်ပါတယ်။ အဲ့ဒါတွေမရှိဘဲနဲ့ ၈၈ ဆိုတာ ဖြစ်မလာဘူး။ တပါတီအာဏာရှင်စနစ်ကို ဖြုတ်ချနိုင်ခဲ့တာက ၈၈ ရဲ့ အောင်မြင်မှုဖြစ်တယ်။ အခု ၂၀၂၁ နွေဦးတော်လှန်ရေးကတော့ ၈၈ ရဲ့ အဆက်ဖြစ်ပြီး စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ချေမှုန်းရေး၊ ၂၀၀၈ ခြေ/ဥ အပြီးတိုင်ဖျက်သိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုတဲ့ ရည်မှန်းချက်ကို ဦးတည်နိုင်ခဲ့ပြီ ဖြစ်တယ်။ ဒါကြောင့်မို့ တော်လှန်ရေးက အဆင့်မြင့်တက်လာပြီလို့ ပြောလို့ရတယ်။



နောက်တခုကတော့ ဘယ်အခြေအနေထိ ရောက်နေပြီဆိုတာကို ကျမတို့ ပြန်ပြီး သုံးသပ်ကြည့်ဖို့ လိုတယ်။ ထုတ်ပြန်တဲ့ အချက်အလက်တွေအရဆိုရင် တော်လှန်ရေးတပ်ဖွဲ့တွေ စိုးမိုးအုပ်ချုပ်ထားတဲ့ နယ်မြေတွေ က တနိုင်ငံလုံးရဲ့ ၄၄ % ရှိတယ်လို့ဆိုတယ်။ တိုက်ပွဲဖြစ်နေတဲ့ နေရာ တွေက ၂၄ % ရှိတယ်လို့ ဆိုတယ်။ နယ်စပ်ကုန်သွယ်ရေး ၁၁ မြို့ကို တော်လှန်ရေးတပ်ဖွဲ့တွေ ထိန်းချုပ် ထားနိုင်ပြီလို့ သိရတယ်။ စစ်အုပ်စုအာဏာယူခဲ့တဲ့ ကာလတလျှောက်တုန်းမှာ ဘယ်တုန်းကမှ မဖြစ်ဖူးခဲ့တဲ့ တော်လှန်ရေးတပ်ဖွဲ့တွေ လက်ထဲမှာ တိုင်းစစ်ဌာနချုပ် ၂ ခု ရှိပြီ။ နောက်ထပ် ဘယ်နှခုကျမယ်ဆိုတဲ့ သတင်း စကားတွေ ထွက်လာပြီ။ ပုသိမ်မှာရှိတဲ့ စစ်ဌာနချုပ်ဆိုရင် တာဝန်ရှိတဲ့သူတွေ တိတ်တဆိတ် ရွှေ့ပြောင်း နေကြတယ်ဆိုတဲ့ သတင်း လည်း ကျမတို့ ကြားရတယ်။ စစ်အုပ်စုထိန်းချုပ်ထားတဲ့ နယ်မြေက ၃၂ % ပဲ ရှိတယ်။ အဲ့လို အခြေအနေ မျိုးတွေ ရှိတယ်။

ဗိုလ်မင်းအောင်လှိုင်က အရင်တုန်းက လေကြီးလေကျယ်တွေ ပြောခဲ့တယ်  သူတို့က အင်မတန်ကို သဘောထားကြီးမားတဲ့ ခေါင်းဆောင်ကြီးတွေ ဖြစ်တယ်။ တနိုင်ငံလုံးမှာ ရွေးကောက်ပွဲတွေ လုပ်ပေးမယ်။ တပ်က ၂၅ ရာခိုင်နှုန်းရှိရင် နောက်ထပ် နည်းနည်းထပ်ဖြည့်လိုက်ရင် လွှတ်တော်ခေါ်နိုင်ရင်တောင် သူတို့ မလုပ်ဘူးလို့ ပြောခဲ့တယ်။ ခုတော့ မဲဆန္ဒနယ် ၁၁၀ မှာပဲ လုပ်တော့မယ်လို့ ထုတ်ပြောလာပြီ။ သူတို့ တဖြည်း ဖြည်းနဲ့ လျှော့လာပြီ။ အဲ့ဒီတော့ အရင်ကထက်စာရင် တော်လှန်ရေးက ရှေ့ကို တော်တော်လေး ခရီးရောက် လာပြီ ဖြစ်တယ်။ ဒီစစ်အုပ်စုဟာ အများတကာက လှောင်ပြောင်ပြောဆိုနေကြသလိုပဲ နေပြည်တော် စစ်အုပ်စု ဖြစ်လာပြီ။  ကျမတို့ရဲ့ တော်လှန်ရေးပန်းတိုင် ရည်မှန်းချက်တွေကလည်း အရင်ကထက် ပိုပြီး အများကြီး မြင့်တက်လာတယ်။ ကျမတို့လိုချင်တဲ့ ပန်းတိုင်ကို ရောက်ဖို့အတွက် သွားတဲ့နေရာမှာ ကျမတို့ ကြားထဲမှာရှိတဲ့  ညှိနှိုင်းဆွေးနွေးမှုတွေ၊ အတူတကွ လုပ်ဆောင်မှုတွေအပြင် အခက်အခဲ အထစ်အငေါ့တွေ ရှိနိုင်တယ်။ နိုင်ငံတကာဖိအားတွေလည်း ရှိတဲ့အခါကျတော့ ကျမတို့ကြားထဲမှာ နည်းနည်းလေး ညှိရ၊ နှိုင်းရ၊ ဆွေးနွေးရတဲ့ ကိစ္စမျိုးတွေ ရှိကောင်း ရှိနိုင်တယ်။ သို့သော်လည်း ဒီခရီးကတော့ နီးပြီလို့ပဲ ပြောချင်ပါတယ်။





*မေး- ဒီခရီး နီးရက်နဲ့ကြာရင် ဘာတွေ ဆက်ဖြစ်မလဲ ဆရာမ။*

**ဖြေ-** သီချင်းစာသားလေးနဲ့ မေးတဲ့အခါကျတော့ ကျမလည်း သီချင်းစာသားလေးတွေ သွားသတိရမိတယ်။ နွေဦးတော်လှန်ရေးသီချင်းတပုဒ်မှာ "ငါတို့ရဲ့အသွေးအသားများသည် အာဏာရှင်ကျဆုံးဖို့ဖြစ်ရမည်" ဆိုတာ ပါတယ်။ ဒါ လူငယ်တွေရဲ့ စိတ်ထဲက၊ ရင်ထဲ၊ အသွေးသားထဲက ထွက်လာတဲ့ သန္နိဋ္ဌာန်ဖြစ်တယ်လို့ ကျမ ယုံကြည်တယ်။ နောက်တခုကတော့ ကျမတို့ လက်ရှိအခြေအနေက တိုင်းပြည်သစ်ကို ထူထောင်ဖို့ ကြိုးစား နေကြရတဲ့အချိန် ဖြစ်တယ်။ ကျမတို့ ဘယ်လောက် ကြိုးစားကြမလဲ။ ကျမတို့ အချင်းချင်းကြား ဘယ် လောက် ညှိနှိုင်းဆောက်ရွက်နိုင်ကြပြီလဲ ဆိုတာအပေါ် မူတည်ပြီးတော့ တိုင်းပြည်က ပုံပေါ်လာလိမ့်မယ်။ ကျမတို့ရဲ့စွမ်းဆောင်မှုလည်း အများကြီးလိုတယ်။

ရှေ့ကခေါင်းဆောင်တွေ ဆွေးနွေးသွားတဲ့အထဲမှာ ပါတယ်။ စစ်တပ်နဲ့ စကားပြောတဲ့ကိစ္စ၊ ကျမတို့က မပြောလို့ မရဘူး။ ပြောရမှာ။ ဘာပြောရမလဲဆိုတော့ မင်းတို့ နိုင်ငံရေးမှာ မပါနဲ့ ထွက်သွား၊ မင်းတို့ကိစ္စ မင်းတို့တာဝန်ခံ အဲ့ဒီကိစ္စကို ပြောရမှာ။ နိုင်ငံသစ်တည်ဆောက်ဖို့၊ တိုင်းပြည်သစ်တည်ဆောက်ဖို့ ကိစ္စကိုတော့ ကျမတို့ နိုင်ငံရေးအင်အားစုတွေ အချင်းချင်းကြားမှာသာ ပြောရမယ့်ကိစ္စ ဖြစ်တယ်။ စစ်တပ်က သူ့နေရာသူ မနေဘဲ နိုင်ငံရေးမှာ ဝင်ပါလို့ ကျမတို့တိုင်းပြည်ဟာ အများကြီးရှုပ်ထွေးသွားတာ ဖြစ်တယ်။ သူ့နေရာ သူပြန်သွားဖို့က ထိပ်ဆုံးရည်မှန်းချက် ဖြစ်ဖို့လိုတယ်။ အဲ့လိုမှမဟုတ်ရင် ကျမတို့ အချင်းချင်း ဘယ်လောက်ပဲ စကားပြောပြော ဘယ်တော့မှ အဆင်ပြေလာမှာ မဟုတ်ဘူး။ ကျမတို့နိုင်ငံမှာ ရှိခဲ့တဲ့သမိုင်းကို ပြန်ကြည့်ရင် သိနိုင်တယ်။ စစ်တပ်က ခဏတိုင်း ခဏတိုင်း ငြိမ်းချမ်းရေးဆိုပြီး ပြောတယ်။ သို့သော်လည်း ဘယ်တုန်းကမှ ငြိမ်းချမ်းရေးဆိုတာ ဖြစ်မလာခဲ့ဘူး။ သူတို့ပြောတဲ့အတိုင်း ဖြစ်မလာဘူးဆိုရင် စစ်ဗိုလ်တွေက စားပွဲကို လက်သီးနဲ့ထိုးပြီး ထွက်သွားတာ။ အဲ့လို မိုက်ရိုင်းစော်ကားမှုတွေ ကျမတို့ ကြုံခဲ့ရပြီး ဖြစ်တယ်။ သေချာ ပြောချင်တာ ဒီစစ်တပ်ကိုတော့ စိတ်ကူးမယဉ်ကြပါနဲ့လို့ ကျမတို့ရဲ့ နိုင်ငံရေးခေါင်းဆောင်များကို တိုက်တွန်း ချင်တယ်။ စိတ်ကူးယဉ်လိုက်ရင် စစ်တရားခံနဲ့ သမိုင်းတရားခံထဲ ပါသွားလိမ့်မယ်။

ကျွန်မတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်ထောင်စု မဟုတ်ခဲ့ဘူး။ နာမည်မှာတော့ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဆိုပြီး တပ်လိုက်တယ်။ ဒါပေမယ့် ဘယ်တုန်းကမှ ပြည်ထောင်မစုခဲ့လို့ ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့တာလေ။ အဲ့တော့ ကျမတို့က ပြည်ထောင်ကို တကယ်စုနိုင်ဖို့ လိုတယ်။ ကွန်ဖက်ဒရေးရှင်းလို့ ပြောနေတဲ့ တိုင်းရင်သားတွေရှိတယ်။ ဗမာမဟုတ်သော တိုင်းရင်းသားများ ရှိတယ်။ သို့သော်လည်းပဲ အဲ့ဒါက သူတို့ရဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်ဖြစ်တယ်။ သူတို့ ဘယ်လိုသွားချင်တယ်ဆိုတာ သူတို့ကိုယ်တိုင် ဆုံးဖြတ်ကြမှာဖြစ်တယ်။ ကျမတို့က မင်းတို့က ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါလို့ ပြောခွင့်လည်း မရှိဘူး။ တားခွင့်လည်း မရှိဘူး။

အိမ်တလုံးက သာသာယာယာနဲ့ နေချင်စဖွယ်ဖြစ်မယ်ဆိုရင် အဲ့ဒီအိမ်မှာ အတူတကွ သာသာယာယာနဲ့ ပျော်ပျော်ရွှင်ရွှင်နေကြမှာပဲ။  အဖေအမေက ရန်ဖြစ်တယ်၊ ညီအစ်ကို မောင်နှမတွေက ချနေကြရင် ပျော်စရာမကောင်းတဲ့ အဲ့ဒီအိမ်မှာ သူနေချင်မှ နေမှာပဲ။ အဲ့ဒါ သူ့အခွင့်အရေးပဲလေ။ ဒီအိမ်ကို သာယာနာပျော်ဖွယ် နေချင်စဖွယ်ဖြစ်တဲ့ အိမ်တလုံးဆောက်နိုင်ဖို့၊ တိုင်းပြည်အသစ်ကို ဆောက်နိုင်ဖို့ ကျမတို့အားလုံး အတူတကွ ဘယ်လောက်ထိ အချင်းချင်း နားလည်မှုပေးနိုင်မလဲဆိုတဲ့ အပေါ်မှာ မူတည်နေတယ်။ နိုင်ငံတော်သီချင်းမှာ “တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ တို့ပြည် တို့မြေ များလူခပ်သိမ်း၊ ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်” လို့ ဆိုထားတယ်။ ကျမတို့နိုင်ငံရဲ့ အခြေနေက ခုချိန်ထိ ခွင့်တူညီမျှ မရှိသေးဘူး။ စစ်တပ်က စစ်အာဏာကို ဆုပ်ကိုင်ထားတော့ ပိုပြီးတဲ့ ဆိုးဝါးတဲ့အခြေအနေတွေ ဖြစ်လာတယ်။ နွေဦးတော်လှန်ရေးရဲ့  ရည်မှန်းချက်ဖြစ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကိုသွားတဲ့ အချိန်မှာတော့ အဲ့ဒီအချက်တွေကို သေသေချာချာ သတိပြုဖို့ လိုကြလိမ့်မယ်။




နောက်တခုက အခက်အခဲ အတား အဆီးတွေ အများကြီးရှိတယ်။  ကျမတို့ အဲ့ဒါတွေကို ကျော်နိုင်ဖို့ လိုတယ်။ ၈၈ ကာလတုန်းက ကျမတို့ဆီမှာ ဘယ်သူ့မှာမှ ဟန်းဖုန်းမရှိခဲ့ဘူး။ အင်တာနက်ဆိုတာ ကြားတောင် မကြားဖူးဘူး။ တရပ်ကွက်လုံးမှာမှ  ကြိုးဖုန်းတလုံးလောက်ပဲ ရှိတယ်။ ခြေလျင်လျှောက်ပြီး ၈၈ ကို ဆင်နွှဲခဲ့ကြတာ ဖြစ်တယ်။ ထမင်းထုပ်ကို အတူဝေစားပြီး ဆောင်ရွက်ခဲ့ကြတာ ဖြစ်တယ်။ ကျမတို့က တော်လှန်ရေးတရပ်ကို  ဆင်နွှဲကြတဲ့အခါမှာ အခြေအနေနဲ့ အချိန်အခါကို လိုက်ပြီးတော့ ကိုယ့်မှာရရှိလာတဲ့ အခြေအနေ အခွင့်အလမ်းကို တော်လှန်ရေးအောင်မြင်အောင်၊ ကိုယ့်ရဲ့ ယုံကြည်ချက်၊ ရည်မှန်းချက်ကို သွားနိုင်အောင် ဘယ်လို လုပ်မလဲဆိုတာ ကျမတို့အတွက်

> “ ဒီအခြေအနေမှာ ရရှိတဲ့ အခွင့်အလမ်းကို သေချာ ဆုပ်ကိုင်ကြဖို့ လိုတယ်။ ဖိနှိပ်မှုကြီးလေ အုံကြွမှုကြီးလေ ဆိုတာကို ဒီစစ်တပ်က သဘောမပေါက်ဘူး။ ”

အရေးကြီးတယ်။ ဖြစ်လာတဲ့ အခက်အခဲ အတားအဆီးတွေကို ကျော်ရမှာပဲ။ စိတ်ဓာတ် ကျဖို့ မလိုဘူး။ ကျော်နိုင်ဖို့အတွက် နည်းလမ်းက အမြဲတမ်းရှိတယ်။ မိုးပြိုရင်တောင်မှ ထွက်ဖို့ အပေါက်လေး ရှိပါသေးတယ်။ အဲ့လိုပဲ ဘယ် ကိစ္စမဆို မကျော်နိုင်ဘူးဆိုတဲ့ကိစ္စ မရှိဘူးလို့ ယုံကြည်တယ်။

ကျမတို့ရှေ့က သမိုင်းကိုပဲကြည့်ကြည့်၊ ကျမတို့ဖြတ်သန်းခဲ့တဲ့ သမိုင်းကိုပဲကြည့်ကြည့်၊ လက်ရှိ အခြေအနေဟာ ကျမတို့အားလုံးမှာ သွေးစည်းညီညွတ်မှု အရဆုံးအချိန် ဖြစ်တယ်။ ဘုံရန်သူကို အတူတကွ ချကြမယ်၊ တိုက်ကြမယ်ဆိုရင် ကျမတို့အားလုံး ကြားထဲမှာ အဲ့ဒီရည်မှန်းချက်က သေချာပေါက် တူတယ်။ လုပ်တဲ့ကိုင်တဲ့ နေရာမှာ နည်းလမ်းတွေကွဲတာ ရှိနိုင်တယ်။ နောက်တခုက စဉ်းစားပုံ စဉ်းစားနည်း၊ လုပ်ပုံ လုပ်နည်း၊ လုပ်တဲ့ ချဉ်းကပ်တဲ့ ရှုထောင့်တွေ ကွဲခြားတာ ရှိကောင်း ရှိနိုင်တယ်။ သို့သော်လည်းပဲ ကျမတို့ ကြားထဲမှာ ဒီကောင်တွေမရှိမှ ဖြစ်မယ်ဆိုတဲ့ဟာကို အားလုံးက အတူတူ ကျပြီးဖြစ်တယ်။ အဲ့ဒီ အခြေအနေ အခွင့်အလမ်းကို သေသေချာချာ ဆုပ်ကိုင်နိုင်ကြဖို့ လိုတယ်။ လက်ရှိမှာ စစ်မှုထမ်း ဥပဒေကြောင့်ပဲဖြစ်ဖြစ်၊ မင်းအောင်လှိုင်ကြောင့်ပဲဖြစ်ဖြစ်၊ အင်မတန်ဆိုးဝါးလှသော၊ ညံ့ဖျင်းလှသော စီမံ ခန့်ခွဲမှုကြောင့်ပဲ ဖြစ်ဖြစ်ပေါ့။ တိုင်းပြည်မှာ စီးပွါးရေးရော၊ လူမှုရေးရော၊ နိုင်ငံရေးရော နောက်ကိုယ့် အိုးကိုယ့်အိမ်မှာ အတူတကွ မိသားစု မနေနိုင်ကြဘဲနဲ့ တော်လှန်ရေးထဲသွားကြရတာတွေ၊ စစ်မှုထမ်းထဲ သွားကြရတာတွေ ရှိတယ်။ ကိုယ့်အိမ်ကိုယ့်ယာမှာ အတူတကွ မနေကြရတဲ့ အခြေအနေတွေက စစ်ပွဲရှိတဲ့ဒေသတွေတင် မဟုတ်တော့ဘဲ စစ်ပွဲနဲ့ ဝေးပါတယ်ဆိုတဲ့ မြို့ကြီးပြကြီးတွေမှာပါ ဖြစ်လာတယ်။ ကျွန်မတို့ သတင်းတွေထဲမှာ နေ့တိုင်းတွေ့နေရတယ်။ ကျောင်းသားတွေ၊ အသက်ဘယ်နှနှစ်လောက်ရှိတဲ့ ကလေးတွေ ပျောက်သွားလို့ ရှာပေးကြပါဦး။ သမီးလေးပျောက်သွားလို့၊ သားလေးပျောက်သွားလို့၊ အလုပ် သွားရင်းနဲ့ မတွေ့တော့ဘူး။ ဒါမျိုးတွေ ဖြစ်တယ်လေ။ အဲ့ဒီတော့ စစ်ပွဲက လူတိုင်းရဲ့ အိမ်တံခါးဝကို ရောက်လာပြီ။ အဲ့ဒီအခြေအနေမှာ ဒီနိုင်ငံရေးဟာ ငါတို့ရဲ့ မဆိုင်ဘူးလို့ ခပ်အေးအေးနေချင်သူတွေပင်လျှင် ပါကြဖို့အတွက် ဖြစ်လာပြီလို့ ယူဆတယ်။ ဒီအခြေအနေမှာ ရရှိတဲ့ အခွင့်အလမ်းကို သေချာဆုပ်ကိုင်ကြဖို့ လိုတယ်။ ဖိနှိပ်မှုကြီးလေ အုံကြွမှုကြီးလေ ဆိုတာကို ဒီစစ်တပ်က သဘောမပေါက်ဘူး။ ကျမတို့က ကျမတို့ရဲ့ အားနည်းချက်တွေကို အားကောင်းချက်တွေ ဖြစ်လာအောင် အသုံးချပြီးတော့ လိုချင်တဲ့ ပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ စုပေါင်းအားနဲ့ လုပ်ကြဖို့ဖြစ်တယ်။ လုပ်ကြဖို့ လိုပါတယ်။

***မေး - ရုပ်ပိုင်းဆိုင်ရာ အောင်မြင်မှုတွေနဲ့အတူ စိတ်ဓာတ်ပိုင်းဆိုင်ရာ အတွေးအခေါ်တွေကရော ဒီခရီးမှာ ဘယ်လောက် အရေးပါသလဲ။ ဆရာမအမြင်သဘောထားနဲ့ ဒီစကားဝိုင်းအကျဉ်းချုပ်လေးကို သုံးသပ်ပေးပါ။***

**ဖြေ -** နွေဦးတော်လှန်ရေးမှာ ခုနကပြောတဲ့ ထူးခြားချက်တွေအပြင် နောက်ထပ် ဘာထူးခြားသေး လဲဆိုတော့ စစ်အာဏာရှင်ကို တော်လှန်ဖို့တခုတည်းတင် မဟုတ်တော့ဘူး။ အတွေးအခေါ်ပါ တော်လှန်ရ



မယ် ဆိုတာက နွေဦးတော်လှန်ရေး အစောပိုင်းကာလကတည်းကိုက ကျမတို့ ပြည်သူကြားထဲ ကျခဲ့ပြီးလို့ ယုံကြည်တယ်။ အတွေးအခေါ်ဆိုတာမျိုးက တနေ့တရက်တည်းနဲ့ တည်ဆောက်လာတာ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ ဖြစ်လာခဲ့တဲ့ဟာမျိုး။ ယုံကြည်ချက်ဆိုတာကလည်း ဒီလိုပဲ ဖြစ်လာတာဆိုတော့ တရက်တည်းနဲ့ ပြင်လို့ ရချင်မှရမယ်။ တနှစ်တည်းနဲ့ ပြင်လို့ရ ချင်မှရလိမ့်မယ်။ သို့သော်လည်းပဲ ကျမတို့ ခုချိန်မှာတော့ ပြင်ဖို့ ကြိုးစားနေကြတယ်။ ပြင်လည်း ပြင်နေကြတယ်။ ဒါလည်း ကျမတို့ရဲ့ အာကောင်းချက်ပေါ့။

နောက်တခုကတော့ ခုနကမေးသွားတဲ့ "ဗမာအချင်းချင်း အာဏာလုရေး" ဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်ကတော့ ကျမတို့နိုင်ငံရဲ့သမိုင်း၊ ကျမတို့နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေကို သေသေချာချာ မသိလို့ ပြောတာ ဖြစ်လိမ့်မယ်လို့ ယူဆတယ်။ ဘာကြောင့်လဲဆိုတော့ အနီးစပ်ဆုံး ထင်သာမြင်သာ ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲကို ကြည့်ပါ။ ၂၀၀၈ အောက်က ဘယ်လိုပဲ ကျင်းပသည်လို့ ပြောပါစေ။ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲပေးခဲ့ကြတဲ့အထဲမှာဆိုရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တခုတည်း မဲနိုင်ခဲ့တာ မဟုတ်ဘူး။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်လည်း နိုင်ခဲ့တာပဲ။ ရခိုင်အမျိုးသားများပါတီလည်း နိုင်ခဲ့တာပဲ။ အဲ့လိုပဲ နိုင်ခဲ့တဲ့ပါတီတွေ ရှိခဲ့တယ်။ ပြောချင်တာက ဘာလဲဆိုတော့ ပြည်သူတွေရဲ့စိတ်ထဲမှာ အဲ့ဒီပါတီကို မဲပေးခဲ့တာက အဲ့ဒီပါတီတွေပေါ်မှာ ထားရှိတဲ့ ယုံကြည်မှုသက်သက်ခုတည်းနဲ့ မဟုတ်ဘူး။ စစ်အာဏာရှင်နဲ့ ဖြစ်နေတဲ့ပွဲမှာ ငါတို့က ဒီမိုကရေစီအင်အားစုတွေဘက်က ရပ်တည်ရမယ်ဆိုတဲ့ ယုံကြည် ချက်နဲ့ မဲပေးခဲ့ကြတာ ဖြစ်တယ်။ ကျမကိုယ်တိုင်လည်း ရွေးကောက်ပွဲဝင်ခဲ့တဲ့အခါကျတော့ အဲ့ခံစားချက်ကို သိတယ်။

ခုနကပြောသလို ပြောနေကြတဲ့လူတွေက နိုင်ငံရဲ့အခြေအနေကို သေချာမသိလို့ပါ။ သူတို့ကို ပြန်မေးခွန်းထုတ်ရမယ့် မေးခွန်းအကြီးကြီး ဖြစ်တယ်လို့ ထင်တယ်။ နောက်တခုက နွေဦးတော်လှန်ရေးပေါ့။ ဗမာအချင်းချင်းဖြစ်တဲ့ပွဲဆိုရင် ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေ ဘာလို့ ပါလာကြတာလဲ။ ကရင်ပါတယ်။ ကချင်ပါတယ်။ ချင်းပါတယ်။ ရခိုင်ပါတယ်။ အကုန်လုံး ပါလာကြတာ။ ပါလာတယ်ဆိုတော့ ဗမာအချင်းချင်းဖြစ်တဲ့ပွဲ မဟုတ်ဘူးဆိုတာ ဒါက အကောင်းဆုံးသက်သေပြချက် ဖြစ်တယ်လို့ ထင်တယ်။ အဲ့တော့ ဒါဟာ ဗမာအချင်းချင်း အာဏာလုနေတာ မဟုတ်ဘူး။ မြန်မာနိုင်ငံရဲ့ ကိစ္စအဝဝရဲ့ လက်သည်တရားခံဖြစ်တဲ့ စစ်အာဏာရှင်စနစ်ကို အကုန်လုံးဝိုင်းပြီးတော့ တိုက်ဖျက်ရမယ်ဆိုတဲ့တိုက်ပွဲ ဖြစ်တယ်ဆိုတာက အားလုံး ရင်ထဲ

မှာ ကျပြီးသားဖြစ်တယ်လို့ ယုံကြည်တယ်။ ဒီတော်လှန်ရေးဟာ ကျမတို့အားလုံး အတူတကွ ဆင်နွှဲနေကြတဲ့ တော်လှန်ရေးဖြစ်တယ်။ ဒီနွေဦးတော်လှန်ရေးကနေ စစ်သုံးစစ်အမြစ်ဖြုတ်ပြီးတော့ ကျမတို့လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဆီ အရောက်သွားကြမယ့် တော်လှန်ရေးဖြစ်တယ်လို့ အနှစ်ချုပ်ပြီး ပြောချင်ပါတယ်။

***မေး- စကစဘက် ထောက်ခံသူ၊ နောက် ကြားနေသူ(NON-CDM) အသီးသီးရှိနေတယ်။ အဲ့လိုလူတွေကို ဘယ်လို နည်းလမ်းမျိုးတွေနဲ့ စည်းရုံးသင့်လဲ၊ နောင်တချိန်ကျရင် သူတို့တွေ ဘယ်လိုပုံစံမျိုးနဲ့ ရှိနေနိုင်မလဲ။ အဲ့ဒီ အနေအထားကို သုံးသပ်ဖြေကြားပေးစေချင်ပါတယ်။***

**ဖြေ-** ဟုတ်ကဲ့ မေးပေးတာကို ကျေးဇူးတင်ပါတယ်။ အခု ကျမတို့ လိုချင်တဲ့၊ ပြောနေကြတဲ့အထဲမှာ ဒီမိုကရေစီတို့ လူ့အခွင့်အရေးတို့ ပါတယ်။ အဲဒီသူတွေက တော်လှန်ရေးမှာ မပါဘဲလည်း နေခွင့်ရှိတယ်လို့ ထင်တယ်။ ဒါပေမယ့် တခုရှိတာက ဒီတော်လှန်ရေးရဲ့ အသီးအပွင့်တွေကို လူတိုင်းက ခံစားကြမှာဖြစ်တယ်။ ဒီလိုအခြေအနေကိုလည်း သူတို့ သိနားလည်ဖို့လိုတယ်။ ကျမတို့က လူထုကြားထဲမှာ အမုန်းတရားကို ဦးတည်တဲ့ပုံစံ မဟုတ်ဘဲ တော်လှန်ရေးက ငါတို့နဲ့မဆိုင်ဘူးဆိုပြီး နေတဲ့လူတွေပဲဖြစ်ဖြစ် (Non) ဆိုတဲ့ ပုံစံမျိုးနဲ့ နေတဲ့လူပဲဖြစ်ဖြစ် စည်းရုံးကြရမှာ၊ လှုံ့ဆော်ကြရမှာ ဖြစ်တယ်။ သိပ်မကြာခင်မှာ သူတို့ကိုယ်တိုင် သဘောပေါက်လာမယ့်ကိစ္စက မင်းအောင်လှိုင်က သူရဲ့ကံကြမ္မာကို သူကိုယ်တိုင် ဖန်တီးလိုက်တာ ဖြစ်တယ်။ စစ်မှုမထမ်းမနေရဥပဒေမှာ ခုနကပြောတဲ့ Non ပဲဖြစ်ဖြစ်၊ မ Non ပဲ ဖြစ်ဖြစ် အားလုံးရဲ့ သားသမီးတွေ ပါတယ်။ တော်လှန်ရေးက ငါတို့နဲ့ မဆိုင်ဘူး။ ငါတို့လုပ်မှ ငါတို့စားရတယ် ဆိုတဲ့လူတွေရဲ့ သားသမီးတွေ လည်း ပါတယ်။ ကိုယ့်မိတ်ဆွေ အသိတွေထဲမှာ ဥပမာဆိုပါတော့ မနေ့က ရေသန့်လာပို့တယ်၊ ဒီနေ့ မလာ တော့ဘူး။ ဘာလို့လဲမေးတော့ စစ်ထဲပါသွားပြီ။ တိုက်ပွဲမှာ ကျသွားပြီ။ ဒီလိုမျိုး အသက်ကိုတောင် ပေးရတဲ့ အခြေအနေမျိုးတွေ ဖြစ်လာတဲ့အချိန်မှာ ကိုယ့်အသက်ကို နာမည်ပျက် နာမည်ဆိုးနဲ့ မင်းအောင်လှိုင်ခိုင်းတဲ့ စစ်ရာဇဝတ်မှုတွေရဲ့ ပူးတွဲတရားခံအဖြစ်နဲ့ ပါဝင်ကြမလား။ သို့တည်းမဟုတ် တော်လှန်ရေးဘက်နဲ့ ပူးပေါင်း မလားဆိုတဲ့ ကိစ္စကို ကျမတို့က သေသေချာချာ စည်းရုံးပြောဆိုကြရမယ်လို့ ထင်တယ်။

နောက်တခုကတော့ တော်လှန်ရေးမှာ အချင်းချင်းကြားထဲမှာ စိတ်ခံစားချက်ကြောင့်ဖြစ်ဖြစ် အမုန်းစကားတွေ သိပ်ပြောကြတာမျိုးတွေဖြစ်တယ်။ ဒါက ဖိအားတွေကြောင့် ဖြစ်နိုင်ပါတယ်။ အမုန်းတရား တွေက ကျမတို့အချင်းချင်းကြားမှာ ဒီထက်ပိုပြီးတော့ မပြန့်ပွါးသွားရင် ကောင်းမယ်လို့ ထင်တယ်။ ကျမတို့ ပြောနေကြရတဲ့ကိစ္စက လူ့အခွင့်အရေးဖြစ်တယ်။ ဒီမိုကရေစီရေးဖြစ်တယ်၊ ငြိမ်းချမ်းရေးဖြစ်တယ်။ အဲ့ဒါတွေ ပြောနေတာနဲ့ တပြိုင်နက် ကိုယ်ကိုယ်တိုင်က ချိုးဖောက်မိတဲ့ပုံစံမျိုးတွေ ဆိုရင်တော့ ကျမတို့ ကိုယ်တိုင် ဆင်ခြင်ကြဖို့ လိုတယ်။

ခုနက မေးသွားတဲ့ထဲမှာ မင်းအောင်လှိုင်နဲ့ အထဲမှာပါနေတဲ့သူ တွေကိစ္စပါတယ်။ စစ်တပ်ဆိုတဲ့ ထုံးစံက Brain Wash လုပ်ထား ခံရတာ။ အခု တော်လှန် ရေးဘက်မှာ ပူးပေါင်းပါတယ်ဆိုတဲ့ တချို့ စစ်ခေါင်း ဆောင်တွေ ကိုယ်တိုင်သည်ပင်လျှင် စစ်တပ်အပေါ် သံယောဇဉ်မကင်းတဲ့ အရိပ်အငွေ့တွေကို သူတို့ရဲ့




ပြောဆိုချက် တွေမှာ တွေ့ရတယ်။ ဒါတောင် ဒီဘက်ကို ပြောင်းလာတဲ့သူ တွေနော်။ ဟိုဘက်မှာရှိတဲ့ သူတွေရဲ့ သံယောဇဉ်တွေကို ကျမတို့ တွက်ဆလို့ရတယ်။ သူတို့ ခေါင်းထဲမှာက "တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ" ဆိုတာကို သေသေချာချာ ရိုက်သွင်းထား တာ ဖြစ်တယ်။

အဲ့ဒီအတွေးအခေါ်တွေက သူတို့အခု လက်တွေ့ဖြစ်တဲ့ အခြေအနေကို ရင်ဆိုင်ဖြတ်သန်း ရချိန်မှာတော့ တော် တော်လျော့သွားပြီလို့တော့ ထင်ပါတယ်။ တိုင်းစစ်ဌာနချုပ်တွေ ကျတယ်။ စစ်စခန်းတွေ အများကြီးသိမ်းနိုင်တဲ့ အချိန်မှာ ကျမတို့ အချင်းချင်းတောင် နောက်ပြောင်ပြီး ပြောကြတာ ရှိတယ်။ မင်းအောင်လှိုင်စစ်တပ်ကလူတွေ အိမ်ကထွက်လာကတည်းက အဖြူလေးတခုတော့ ဆောင်လာခဲ့။ အလံဖြူထောင်ဖို့ ရှာမရမှာ စိုးလို့။

အဲ့လိုဖြစ်တော့ သူတို့တွေအနေနဲ့ တော်တော်လေးတော့ သဘောပေါက်လာပြီလို့ ထင်တယ်။ မလွှဲသာ မရှောင်သာတဲ့ အခြေအနေတွေအရ  မင်းအောင်လှိုင်စစ်တပ်ထဲက ရုန်းမထွက်နိုင်တာ အများကြီး ရှိသေးတယ်။ နောက်မှာ မိသားစုတွေ ဘာတွေရှိမယ်။ အဲ့ဟာတွေက တဒင်္ဂ ကျော်ဖြတ်ရမှာလို့ ကျမကတော့ မြင်တယ်။ တော်လှန်ရေးတခုရဲ့ ရေစီးက စီးပြီးတော့သွားနေတယ်လို့ မြင်တယ်။ ဥပမာပေါ့ ၈၈မှာ ပါခဲ့တဲ့ လူတွေကို နောင်လာနောက်သားတွေက မေးတယ်။ ဖေဖေ မေမေတို့ အဲ့တုန်းက ဘယ်မှာပါခဲ့သလဲ မေးရင် ၈၈ မှာပါခဲ့တဲ့သူဆိုရင် ၈၈မှာ ငါတို့က ဘယ်နေရာမှာ ပါခဲ့တယ်လို့ လက်မထောင် ရင်ကော့ပြီး ပြောနိုင်တယ်။ မပါဘဲနဲ့ ဖာသိဖာသာ နေခဲ့တဲ့လူတွေဆိုရင် ဒီလောက်တောင် ပြည်သူတွေ တခဲနက်ပါဝင်တဲ့ နေရာမှာ ဖေဖေတို့ မေမေတို့က ဘာလို့ မပါခဲ့သလဲဆိုတဲ့ မေးခွန်းတွေ ရှိလာလိမ့်မယ်။ အခု နွေဦး တော်လှန်ရေးလည်း အဲ့အတိုင်းပဲလို့ ကျမ ထင်တယ်။ တချိန်ကျရင် ဒီလူတွေက သူတို့ရဲ့ မျိုးဆက်တွေနဲ့ ဘယ်လို ရင်ဆိုင်ကြမလဲ။ အဲ့ဒါက အကောင်းဆုံးအဖြေ ဖြစ်မယ်လို့ ထင်တယ်။ မပါဝင်ဘဲ နေခဲ့တဲ့လူတွေမှာ သူတို့ သားသမီးတွေအတွက် အဖြေမရှိဘူး။ လိမ်ပြောရင် လိမ်ပြောတဲ့ မိဘပဲ ဖြစ်မှာလေ။ အဲ့ဒါက သူတို့အတွက် အကောင်းဆုံးဒဏ်ခတ်မှု အကောင်းဆုံးသင်ခန်းစာလို့ ကျမ ထင်ပါတယ်။

*****		*****		*****

# ကြံ့ခိုင်မှုနှင့်တွဲ လူထုနိုင်ငံရေးနဲ့ တော်လှန်ခစ် အပြီးသတ်

မင်းညီ



ဒီကနေ့ နွေဦးတော်လှန်ရေးရဲ့ အဓိက ပဋိပက္ခဟာ ဗမာပြည် လူမျိုးစုံပြည်သူတရပ်လုံးနဲ့ လက်တဆုပ်စာ ဖက်ဆစ်စစ်အုပ်စုတို့ရဲ့ တိုက်ပွဲဖြစ်တယ်ဆိုတာ အားလုံးအသိပဲ။ ပြည်သူ့ဘက်၊ ဖက်ဆစ်ဘက်၊ ဘက်ရပ်တည်မှုကို အပြတ်သားဆုံး ကိုယ်တိုင် ရွေးချယ်ရပ်တည်ရမယ့် အချိန်ကာလဆိုတာ အထူးပြောဖို့ မလိုဘူး။ ဟိုဒီကြားချောင်တွေ သတိထား၊ ပြုပြင်သင့်ပါပြီ။

ခုဆို တော်လှန်ရေးက လေးနှစ်ရှိသွားခဲ့ပါပြီ။  တောင်ပေါ်မြေပြန့် လွင်ပြင်အဆုံး အရပ်ရပ်က လူမျိုးစုံပြည်သူတွေဟာ တော်လှန်ရေးရဲ့ခက်ခဲကြမ်းတမ်းမှုကို နည်းနည်းလေးမှ အမှုမထား နောက်မတွန့်ဘဲ ကြီးမြတ်တဲ့ ပေးဆပ်မှုနဲ့အတူ မတုန်မလှုပ် ပိုင်းဖြတ်ချက်ရှိရှိ တော်လှန်ရေးအတွင်း ထပ်ခါထပ်ခါ ရေအလျင်စီးသလို အစဉ်မပြတ် ရင်းနှီးထည့်ဝင်နေကြတယ်။ လူမျိုး မလိုဘူး၊ ဘာသာမလိုဘူး၊ လိင်အသားရောင် မလိုဘူး၊ ဘာကြီးဖြစ်ပါစေ၊ ကျောချင်းကပ်ပြီး ဖက်ဆစ်ကို စုရုံးညီညာ တိုက်ထုတ်နေကြတယ်။ ဖက်ဆစ် ကျရှုံးဖို့သာ လိုတယ်။ ရခိုင်ဘက်မှာဆို ရခိုင်ပြည်သူတွေက ရက္ခိုင့်တပ်တော်အား ဖက်ဆစ်ကိုသာ အပြုတ်တိုက်ပါ၊ မိမိတို့ဘဝတွေ ကျိုးကျေပျက်စီးသွားလည်း ကိစ္စမရှိပါလို့ တောင်းဆိုပြောကြတဲ့ အခြေအနေအဆင့်ပါ။ ဒါကိုကြည့်ရင် နွေဦးတော်လှန်ရေးဟာ  အရှိန်အဟုန်ကော အရှိန်အဝါရော သိပ်ကြီးကျယ်တာကို သိမြင်ခံစားနိုင်တယ်၊ ကျိန်းသေပေါက် ဖက်ဆစ်ကို အပြီးမောင်းထုတ်၊ အောင်ပွဲခံအနိုင်ရရှိဖို့ သေချာလွန်းတယ်။

စစ်အုပ်စုအဆက်ဆက်ရဲ့ အနှစ် ၇၀ ကျော်ကြာ လူမျိုးရေးအရ၊ ဘာသာရေးအရ သွေးကွဲနေအောင်၊ ရန်တိုက်သွေးခွဲထားတာ၊ သံသယစိတ်ဖြစ်ပေါ်နေအောင် ရန်မီးမွှေးထားပေးတာ၊ လူမျိုးငယ်နဲ့ လူနည်းစုတွေအကြား အကျိုးစီးပွားနဲ့ အခွင့်အရေးအရ ခွဲခြားကန့်သတ်ထားတာ အစရှိလို့ လူမဆန်လွန်းတဲ့ ဒီဖက်ဆစ် သရုပ် စရိုက်လက္ခဏာတွေကို အဖိနှိပ်ခံ ပြည်သူတရပ်လုံးဟာ ဘိုးစဉ်ဘောင်ဆက် အင်မတန်မှ နာကျည်းရှုံ့ရှာ

မုန်းတီးပါတယ်။ ဖက်ဆစ်ဆို လက္ခဏာအရ ချေမှုန်းရမယ်။ ဖက်ဆစ်မျိုး အမြစ်ဖြတ်ဖို့ဆို လက်နက်ကိုင် နည်းလမ်းပဲဆိုတာ ဘဝအရ ကျကျနန အနက်ရှိုင်းဆုံး စွဲဝင်နေပါပြီ။ လက်နက်ကိုင်တိုက်ပွဲကို အဓိက တိုက်ပွဲ ပုံသဏ္ဌာန်အဖြစ်၊ အခြား တိုက်ပွဲပုံစံတွေနဲ့ ချိတ်ဆက်ပေါင်းစပ်ရမယ် ဆိုတဲ့ အလုပ်လက်တွေ့ လမ်းညွှန်မှုနဲ့ အတူ ခု လက်နက်ကိုင်တော်လှန်ရေးဟာ လူတဦးချင်းစီကိုရော၊ အဖွဲ့အစည်းတခုချင်းစီကိုပါ သင်ဘာလုပ်နေ လဲ မှတ်ကျောက်တင် စမ်းသပ်တဲ့ သင့်ရဲ့သမိုင်း၊ အဖွဲ့အစည်းရဲ့သမိုင်း ဖြစ်တယ်၊ တော်တန်ရုံ သမိုင်းရေးခွင့် မရရှိနိုင်ဘူးဆိုတဲ့ တော်လှန်တဲ့ အတွေးအခေါ် သဘောတရားပါ ပိုမိုစွဲထင် သက်ဝင် ဆုပ်ကိုင်မိသွားပါပြီ။

"ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်" ဆိုတဲ့ မြေပြင်ပကတိ ဟစ်ကြွေးသံဟာ တိုက်ပွဲလက်တွေ့ထဲက ပေါ်ထွက်လာတာဖြစ်ပြီး ခုချိန်ခါမှာ လူမျိုးစုံပြည်သူအားလုံးရဲ့ တော်လှန်တဲ့ သဘောတရားအဖြစ် ပြောင်းလဲ ဖွံ့ဖြိုးသွားခဲ့ပါပြီ။ အခိုင်မြဲဆုံး မူဝါဒအဖြစ် ရောက်ရှိ တည်သွားခဲ့ပါပြီ။ ခေါင်းတည့်တည့်၊ နဖူးတည့်တည့်ကို သေနတ်နဲ့ချိန်ရွယ် ပစ်ခတ်ခံရ၊ အသက်နဲ့ရင်းပြီးမှ ထွက်ပေါ်လာတဲ့ ဥဒါန်းကမ္ဘာမကြေ ဟစ်ကြွေးသံ အစစ် အမှန် ဖြစ်တာကြောင့် ဒီမူသဘောထားအပေါ် ဘယ်လိုပုံသဏ္ဌာန် ကြားလေမျိုးကမှ လမ်းသစ်ဖို့ရာ မတွေးဆ ကောင်းဘူး။ စစ်သုံးစစ်ကို အကြွင်းမဲ့သုတ်သင် ဇီဝိန်ချွေပစ်မယ့် အဆုံးသတ်တိုက်ပွဲ ဖြစ်တာမို့ ဒီမူသဘော ထားကို အခိုင်အမာ ဆုပ်ကိုင်၊ မဆုတ်မနစ် ရုန်းကန်တိုက်ပွဲဝင်ခြင်းက လူမျိုးစုံပြည်သူတို့ရဲ့ စိတ်နှလုံး ကျေနပ် အားရမှုနဲ့ ငြိမ်းအေးပျော်ရွှင်မှုအတွက် ဧကန်အမှန် အလုပ်အကျွေးပြုရာ ရောက်ပါတယ်။ တော်လှန်ရေးနဲ့ ပြည်သူအပေါ် ရိုးမြေကျသစ္စာနဲ့ ကြီးမြတ်တဲ့ ကောင်းမှုပြုချက်အဖြစ် ခံယူဆုပ်ကိုင်ရမှာပါ။

မျက်မှောက်ခေတ် လူငယ်မျိုးဆက် တော်လှန်ရေးသမားတွေက စစ်အနိုင်တိုက်မှသာ စစ်အာဏာရှင် နဲ့ သူ့ယန္တရားတခုလုံး ပြုတ်ကျပြီး တိုင်းပြည်ကောင်းစားမယ်လို့ အသေအချာမှတ်ယူ ယုံကြည်ထား နေကြတယ်။ **အလွန်မှန်ကန်ပြီး လက်တွေ့ကျတဲ့ သဘောထားခံယူချက်** ဖြစ်တယ်။ ကျနော်တို့တိုင်းပြည် ပြန်ကောင်းဖို့၊ ပြည်သူလူထုခံစားရတာတွေ ပြန်ကုစားနိုင်ဖို့ဆို စစ်အနိုင်တိုက်ရေးကလွဲပြီး တခြားမရှိဘူးလို့ လက်တွေ့ မြေပြင်တိုက်ပွဲဝင် ထင်ပေါ်တဲ့ ကျောင်းသားခေါင်းဆောင် ရဲဘော်တဦး ပြောတာ နားနဲ့ဆတ်ဆတ် ကြားတော့ ထိခိုက်ခံစားရတယ်။ ဗမာပြည်သမိုင်းရဲ့ အတွေ့အကြုံအရ စစ်တွင်းကာလ နိုင်ငံရေးဟာ စစ်အနိုင် တိုက်ရေးသာ ဖြစ်သင့်တယ် ပြောကြားချက်ကိုလည်း လေးနက်ရပါတယ်။

ဗမာပြည် ကနေ့တော်လှန်ရေးကလည်း တစုံတရာ ဆောင်ရွက်နိုင်ခဲ့တဲ့ အခြေအနေထိ ရောက်ရှိလာ တာကို အထင်းသား တွေ့မြင်နေရတယ်။ နယ်စပ်နဲ့ နိုင်ငံတကာကို မှီခိုရတဲ့ တော်လှန်ရေးကနေ ပြည်တွင်းကို အခြေခံတဲ့ တော်လှန်ရေးအဖြစ် ကျယ်ပြန့်စွာ ရောက်ရှိလာတဲ့ အနေအထားဖြစ်တယ်။ ပြည်တွင်းဟာ တော်လှန်ရေးရဲ့ ဘူမိနက်သန် အောင်မြေပါ။ တော်လှန်ရေး လေးနှစ်တာခရီး ဒီခရောင်းတောကို ခုချိန်ထိတိုင် မာန်ဟုန်မပျက် ကျော်ဖြတ်နိုင်ခဲ့တာက ဗမာပြည် လူထုလူတန်းစား အလွှာအသီးသီးရဲ့ မဆုတ်မနစ် ဘက် ပေါင်းစုံနေရာမှ ပါဝင်ပေးဆပ်မှုဆိုတာ အရှင်းသားပါ။ ဒီလူထုလူတန်းစားကပဲ သမိုင်းကို ပုံဖော်ပါလိမ့်မယ်။

တော်လှန်ရေးတိုင်းဟာ မိမိတို့ရဲ့ တော်လှန်ရေးဆူကျုံနိမ့်မြင့်တွေကို ထပ်ခါတလဲ သင်ကြား လေ့လာ ရသလို အခြားတိုင်းပြည်များရဲ့ တော်လှန်ရေးအတွေ့အကြုံကလည်း မုချသင်ကြား လေ့လာရ မယ်ဆိုပေမဲ့ အတွေးအခေါ် ပိုင်း လွတ်လပ် အမှီခို ကင်းရပါမယ်။ အတွေးရှင်းမှ အလုပ်ရှင်းမယ် ဆိုတဲ့ သဘောပါ။ ဒါမှ

မှန်ကန်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ကို ချမှတ်ဖော်ဆောင်နိုင်ပါမယ်။ ကမ္ဘာ့နိုင်ငံရေးနဲ့ မြန်မာ့နိုင်ငံရေး အခြေအနေဟာ သူမတူ၊ လျင်မြန်စွာ ဖြစ်ပေါ်ပြောင်းလဲခဲ့၊ ပြောင်းလဲဆဲဆိုပေမဲ့ တော်လှန်ရေးများ ကတော့ ဆက်တည်ရှိဆဲ၊ အောင်ပွဲဆီ ရှန်းကန်ချီတက်ကြရဆဲပါပဲ။ မျက်မှောက်ကာလ နိုင်ငံတကာ နိုင်ငံရေး ရာသီဥတုနဲ့ ကမ္ဘာ့စနစ်ကိုလည်း အမြင်ကျယ်ကျယ်နဲ့ ကြည့်မြင်ပြီး အလုပ်လမ်းစဉ်ကို သိုင်းခြုံ ချမှတ်ရ ပါလိမ့်မယ်။

စစ်အာဏာရှင်ကို နိုင်ငံရေးထွက်ပေါက်ပေးစေတဲ့၊ စစ်အာဏာရှင်ရဲ့ စစ်ရာဇဝတ်မှုတွေကို ထိရောက်တဲ့ အရေးယူမှုမှ ကင်းလွတ်စေတဲ့၊ အာဏာရှင်ခွင့်ပြု ဘောင်အတွင်းမှာသာ လှုပ်ရှားတဲ့ လစ်ဘရယ်ဓနရှင်တို့ရဲ့ တွေးမြင်နိုင်ချာ နိုင်ငံရေးမပြည့်ဝမှု၊ ပညာရှင်ဆိုသူ နိုင်ငံရေးဇာတ်ပျက်များရဲ့ စစ်တပ်ဟာ ပေးထားချက် ဖြစ်တယ်ဆိုတဲ့ စရွေးကိုက်ဆိုက်ဝါးတွေ၊ ခါတော်မီ နိုင်ငံရေးလေပြေယောင် အာဘော်တွေက ခေတ်မစား၊ နောက်ကျကျန်ခဲ့ပါပြီ။ မျက်မှောက်လူထုနိုင်ငံရေးကို အနည်းငယ်လေးမှ အလှမ်းမမီ အရာ မထင်ကျန်ပါဘူး။ လက်ရှိကာလဟာ စစ်အုပ်စုနဲ့ လက်ဝေခံ အပေါင်းပါတို့က တဖက်၊ လူမျိုးစုံပြည်သူ လူထုက တဖက်ဆိုတဲ့ အဓိကပဋိပက္ခ ဘက်နှစ်ဘက်ဆိုတာ အထင်းသား ပေါ်လွင်နေပြီးသားပါ။

ကနဦးတည်းကကို အဖိနှိပ်ခံလူမျိုးစုံပြည်သူတွေဟာ ဖက်ဆစ်ကို အမြစ်ပြတ်သုတ်သင်ဖို့ သွေးဓိဋ္ဌာန်ပြုထားပြီးသားမို့ ဒီမူ သဘောထားအပေါ် ထိရှနစ်နာစေမယ့် ဘယ်လိုနိုင်ငံရေးမျိုးကိုမှ ခုအခြေအနေမျိုးမှာ လက်သင့်ခံလို့ မဖြစ်နိုင်ဘူး။ ဒီလိုပြောလို့ နိုင်ငံရေးကို ပစ်ပယ်တာမဟုတ်ဘူး။ နိုင်ငံရေးအရ ဆွေးနွေး အဖြေရှာရမယ့် အချိန်ကာလတခုဆီ မလွဲမသွေ ရောက်ရှိလာနိုင်မှာပါ။ အတွေးအမြင် လွဲမှားခဲ့ရင်တော့ ပြုပြင်ရမှာပေါ့။ ပကတိလက်တွေ့နဲ့ အံမကိုက်တာကြောင့် တာဝန်မကျေပွန်မှာ စိုးရွံ့ပါတယ်။ ဆိုလိုချက်က ဒီအတွေးအမြင်၊ အယူအဆဟာ ပကတိ လူထုနိုင်ငံရေးနဲ့ သွေဖီ၊ လမ်းလွဲ ဆန့်ကျင်နေတာက အဓိက အချက်ပါ။

လက်ရှိကာလမှာ တော်လှန်ရေးမှ ပေါ်ထွန်းလာနိုင်တဲ့ ဖြစ်နိုင်ခြေနှစ်ခု ရှိပါတယ်။ တခုက အာဏာရှင်စနစ်အပေါ် အပြတ်အသတ် အောင်ပွဲခံ၊ စစ်အာဏာရှင်စနစ်ကို အကြွင်းမဲ့ဖြုတ်ချပြီး ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ကြစို့ ဆိုတာနဲ့၊ နောက်တခုက အင်အားမလုံလောက်ပါက အာဏာရှင်နဲ့ လစ်ဘရယ်ဓနရှင်တို့ အကြား ပြည်သူများကို ခုတုံးလုပ်ပြီး စကားဆို ဈေးဆစ်ကြကာ ဖြတ်တောက်ထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ တမျိုး သို့မဟုတ် အဖြစ်နိုင်ဆုံးမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ ရုပ်ဖျက်နည်း တမျိုးမျိုးနဲ့ အဆုံးသတ်ဖို့ ဆိုတာပါ။ ဒါပေမဲ့ လူထုနိုင်ငံရေး လက်တွေ့က စစ်အာဏာရှင်စနစ်ကို အကြွင်းမဲ့သုတ်သင်ရေး သို့မဟုတ် စစ်အနိုင်တိုက်ရေး လမ်းစဉ်ဖြစ်ပြီး ဒါဟာ လူမျိုးစုံပြည်သူတရပ်လုံးရဲ့ ကြံ့ခိုင်မှန်ကန်တဲ့ နိုင်ငံရေးဦးတည်ချက် ဖြစ်ပါတယ်။

ရန်သူရဲ့မှိုင်းတိုက်မှု၊ စိတ်ကူးယဉ်မှု၊ လှည့်စားမှုမှန်သမျှကို သတိသတ္တိရှိရှိ ဆန့်ကျင်တိုက်ခိုက်သွားရပါမယ်။ အောင်ပွဲဆိုတာ တိုက်ရဲသူအတွက်ပါ။ လူမျိုးစုံပြည်သူအားလုံးအတွက် လူမျိုးရေးအရ၊ ဘာသာရေးအရ၊ အယူဝါဒအရနဲ့ ဘဝအရ အလုံးစုံ လွတ်မြောက်ရေး ကျားကုတ်ကျားခဲ ရုန်းကန် အားထုတ်ချက်ဖြစ်တာမို့ လက်ရှိတိုက်ပွဲရလဒ် သွေးစည်းညီညွတ်မှုကနေ တခွင်တပြင်စုံလုံးဆိုင်ရာ မဟာတော်လှန်ရေး အရွေ့ဆီ လင်းယုန်ကဲ့သို့ ထိုးစစ်ချီခြင်းက သစ်လွင်တောက်ပတဲ့ အနာဂတ်လူ့ဘောင်သစ်ကို ရယူဆုပ်ကိုင်တည်ဆောက်နိုင်ပါမယ်။ ။

မင်းညီ



ဒေါ်နိုးနိုးထက်စံ

# "စစ်ရေးပဋိပက္ခ ချုပ်ငြိမ်းမှ ရွေးကောက်ပွဲ လုပ်နိုင်မယ်" လို့ စစ်ကောင်စီဥက္ကဋ္ဌ ပြောကြားချက်အပေါ် သဘောထား

## ဒေါ်နိုးနိုးထက်စံ (ဗဟိုစည်းရုံးရေးကော်မတီဝင်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)

**Thet Htwe Naing Freelance Journalist**
(ဖေဖော်ဝါရီ ၂၃၊ ၂၀၂၅)

မေး။ ။ ပြီးခဲ့တဲ့ ၇၇ နှစ်မြောက် ချင်းအမျိုးသားနေ့မှာ စစ်ကောင်စီဥက္ကဋ္ဌက သဝဏ်လွှာပေးပို့ပါတယ်။ အဲ့ဒီသဝဏ်လွှာမှာ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းမှ ရွေးကောက်ပွဲလုပ်နိုင်မယ် ဆိုတာကို ဖော်ပြထားတယ်။ လက်နက်ကိုင်ပဋိပက္ခတွေ ဆိုတာကလည်း NCA အတိုင်း သွားမယ်။ သူတို့ရဲ့ ငြိမ်းချမ်းရေးတံခါးတော့ ဖွင့်ထားမယ်ပေါ့။ ဒီလိုပြောကြားချက်က အာဏာကြီး ၃ ရပ်ကို ကိုင်ထားတဲ့ သူ့ပြောကြားချက်က တရာဝင် ထုတ်ပြန်တာမျိုး မဟုတ်ပေမယ့် ကျနော်တို့က စဉ်းစားစရာဖြစ်တာကိုး။ ရွေးကောက်ပွဲက သူလျှော့လိုက်တဲ့ သဘောမျိုးပေါ့နော်။ ၂၀၂၅ မှာ ရွေးကောက်ပွဲဖြစ်မယ်ဆိုပြီး ကျယ်ကျယ်လောင်လောင် အသံတွေ ထွက်နေတယ်။ အဲ့ဒီအနေအထား တချက်တွေ့ရတယ်။ အဲ့ဒါနဲ့ ပတ်သက်ရင် ကျနော်သိချင်တာက လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက စစ်ကောင်စီနဲ့ မပူးပေါင်းရေး၊ ရွေးကောက်ပွဲကို ဖျက်ရမယ်။ ရွေးကောက်ပွဲက သူတို့ထွက်ပေါက်ဖြစ်တယ်ဆိုတဲ့ သဘောထားတွေ၊ မူဝါဒတွေ ရှိတော့။ ရွေးကောက်ပွဲ ဘယ်တော့ဖြစ်မလဲ၊ မဖြစ်မလဲတော့ မသိဘူးပေါ့။ အဲ့လိုအခြေအနေမျိုးတွေ ဖြစ်တော့ မနိုးနိုးထက်စံအနေနဲ့ အဲ့ဒီအပေါ်မှာ ဘယ်လို သဘောထားပေးချင်ပါသလဲ။



**ဖြေ။** ။ စစ်ကောင်စီပါးစပ်ကထွက်တဲ့ အဲ့ဒီလူရဲ့ပါးစပ်ကထွက်တဲ့ဟာက ဥပဒေဖြစ်လေ့ ရှိတယ်။ တပြိုင်နက်တည်းမှာပဲ သူပါးစပ်ကနေပဲ တော်ကြာနေကျရင် အခုပဲလုပ်မယ်၊ အခုပဲမလုပ်ဘူး ဖြစ်တဲ့အတွက် နည်းနည်းတော့ ခက်တယ်။ ဒါပေမယ့် ဒီတချက်မှာ ဒီလိုပြောတာက အတည်ပြောတာဖြစ်တယ် ဆိုရင်တော့ ကျမတို့ လုပ်ငန်းတခု ပေါ့သွားတာပေါ့။ လုပ်ငန်းတခုပေါ့သွားတာ ဆိုပေမယ့်လည်း အပြည့်အဝတော့ ယုံကြည်လို့ မရဘူး။ သူက အမျိုးမျိုး....။ အခုပဲ လက်ဖမိုး၊ အခုပဲ လက်ဖဝါးဆိုတော့ သတိတော့ ထားရမယ်။ ကိုယ့်ရဲ့ပြင်ဆင်ချက်က သတိရှိရှိ၊ အချိန်ရှိရှိ ပြင်ဆင်ရမှာပေါ့လို့ ပြောချင်ပါတယ်။

**မေး။ ။ အဲ့ဒါဆိုရင် သူက ဒီလို ရွေးကောက်ပွဲလုပ်မယ် တကဲကဲလုပ်နေရင်းကနေ အခုလိုမျိုး ဘာကြောင့် အပြောင်းအလဲ ဖြစ်သွားရတာလဲ။ နောက်ပြီးတော့ လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းဖို့ဆိုတာကို ပြောတဲ့ အတွက် စစ်ရေးအရ သူ့ဘက်က ပြန်ပြင်ဆင်ပြီးတော့ တွန်းလှန်မယ့် အနေအထားလား။ ဒါမှမဟုတ် NCA လမ်းကြောင်းအရ တိုင်းရင်းသားတွေကို တစုံတရာ လျှော့ပေးမယ့် သဘောလား။ ဒါက စဉ်းစားစရာ ဖြစ်တာ ကိုး။ ဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် မူဝါဒလို့ပဲပြောပြော သူ့ရဲ့သဘောထားပြောင်းလဲသွားတာ ဘာကြောင့်လို့ သုံးသပ်မိပါသလဲ။**

**ဖြေ။** ။ ပထမဆုံးတချက်က စစ်ရှုံးနေတယ်ဆိုတာ ပေါ်သွားတာပေါ့။ ဒါက သူပါးစပ်နဲ့ ထုတ်ပြောမှ မဟုတ်ဘူး။ အခြေအနေတရပ်ကို အပြောင်းအလဲ ထိုးထားတဲ့ Agenda ကို ပြန်ဆွဲထုတ်ရတယ် ဆိုတာ။ ရှိနေတဲ့ Agenda အလုပ်မဖြစ်တော့ဘူးဆိုတာ ပေါ်တယ်။ ဆိုတော့ ခုနက ၂၀၂၅ မှာ ရွေးကောက်ပွဲ လုပ်မယ်ဆိုတဲ့ Agenda ကို ပြန်ပြီး ထိုးထည့်တာပဲပေါ့။ ပြီးတော့ ထုံးစံအတိုင်း စစ်ရှုံးပြီး၊ ဖိအားကလည်း များပြီး၊ နိုင်ငံတကာဖိအားကလည်း ထိရောက်ပြီဆိုတော့ ဘာလုပ်ရလဲဆိုတော့ သူထိုးထည့်ထားတဲ့ NCA လမ်းကြောင်းပေါ်ကို ပြန်တင်ရတယ်ပေါ့။ အဲ့မှာလည်း အဆက်ဆက်က ဒီတခါတော့ လိမ်ဖို့ခက်တယ်ပေါ့၊ သူလိမ်ဖို့ မလွယ်တော့ဘူးပေါ့။ ဘာလို့လဲဆိုတော့ တိုင်းရင်းသားအင်အားစုတွေရော အခုအခါမှ နိုင်ငံရေး ထဲစပြီး ခြေချပြီး ဝင်လာတဲ့သူတွေတောင် နားလည်တယ်။ သူရဲ့ ဟို့ရှေ့မှာ လုပ်ထားတဲ့ လုပ်ငန်းတွေက ပေါ်တယ်ပေါ့နော်။ ပြောချင်တာက သူ စိပ်စိပ်လေး လိမ်ခဲ့တာ ဒီမှာ ပေါ်တာပေါ့နော်။ ဆိုတော့ အဲ့ဒါကိုတော့ အယုံအကြည်ရှိကြမယ် မထင်ဘူး။

နောက်တခုက ကျမ သိပ်မကြာခင်က ပြောထားသလိုပဲ၊ သူကိုယ်တိုင်က အပြစ်သားဖြစ်တဲ့ အခါကျတော့ ဒါက ရှင်းရှင်းလင်းလင်း ဖြစ်တယ်။ သူနဲ့ NCA လမ်းကြောင်းဆိုတဲ့ကိစ္စမှာ လုပ်မယ်၊ မလုပ်ဘူး ဆိုတဲ့ကိစ္စမှာ သတိထားစရာ တချက်ရှိတယ်။ အဲ့ဒါက ဘာလဲဆိုတော့ ကျမတို့ ကြားထဲမှာ ဒီငြိမ်းချမ်းရေး ကိစ္စတို့။ ဒီငြိမ်းချမ်းရေးကိစ္စကို အခုတော့ သူတို့က NCA လမ်းကြောင်းနဲ့ ဖွင့်မယ်ဆိုတာနဲ့ စပြီးတော့ ကွဲကြပြဲကြတော့မယ်၊ ကျေးဇူးပြု၍ အဲ့ဒါ သတိထားပါ။ ဒါ ထောင်ချောက်လည်း ဖြစ်နိုင်တယ်။ ဘာလို့လဲ ဆိုတော့ အဲ့လိုပြောတာနဲ့ ဒါ လုပ်သင့်တာပေါ့တို့၊ မလုပ်သင့်ဘူးလို့ ထည့်တွေးစရာ ကိစ္စလို့ မထင်ဘူး။ လုပ်ရမယ်လို့ စဉ်းစားတဲ့သူတွေ လုပ်နေတာလည်း ထည့်ပြောစရာကိစ္စလို့ မထင်ဘူး။ ဘာလို့လဲဆိုတော့ တချို့လူတွေက ရန်သူရဲ့ရှေ့မှာ ရှိနေရတာ ဖြစ်တဲ့အခါမှာ ရန်သူနဲ့ တချို့ကိစ္စတွေက သူ့အခင်းအကျင်းနဲ့သူ

လုပ်ရှားရတာတွေ ရှိကောင်းရှိလာနိုင်တယ်။ တကယ်လို့ ဒီအခင်းအကျင်းမျိုးကို တကယ်ဖွင့်လို့ တကယ်လုပ်တယ် ဆိုရင်ပေါ့။

နောက်တခုက နိုင်ငံတကာအကြိုက်လည်း ဖြစ်တယ်။ နိုင်ငံတကာအကြိုက်လည်း ဖြစ်တဲ့အခါကျတော့ နိုင်ငံတကာက ဒီကိစ္စကို တွန်းမှာပဲ။ ဒါဆို သူကလည်း အတွန်းခံရလို့ အနိမ့်ဆုံးဖွင့်နိုင်တဲ့ လမ်းကြောင်းကို ပြောသွားတာပေါ့။ ဒါကြောင့် သူထိုးထည့်ထားတဲ့ Agenda ကို ပြန်ဆွဲထုတ်ရတာပေါ့နော်။ ဆိုတော့ စစ်ရှုံးနေတယ်ဆိုတာ ပေါ်နေတယ်။ တဖက်က တိုက်စရာရှိတာကိုလည်း ဆက်တိုက်နေမှာပဲ။ သူတောင်မှ သိပ်မကြာခင်က စကားပြောပါတယ်ဆိုတဲ့ အုပ်စုရှိနေတဲ့နေရာကို သွားပြီးတော့ မနေ့က ဗုံးကြဲတယ်လေ။ ဒါပဲကြည့်။ ဆိုတော့ သူက အခုပဲ မလုပ်တော့ပါဘူး ပြောပြီး၊ အခုပဲ လုပ်တယ်ဆိုတော့ ယုံကြည်စရာတော့ မရှိဘူး။ သို့သော် ဒီလမ်းကြောင်းက ရွေးကောက်ပွဲလမ်းကြောင်းနဲ့ ထွက်လို့မရရင် ငြိမ်းချမ်းရေး လမ်းကြောင်းနဲ့ ထွက်ဖို့ ကြိုးစားမှာပဲ။ သူ ဂုဏ်သိက္ခာရှိရှိ နိုင်ငံရေးက ထွက်ချင်ရင် အကောင်းဆုံး လမ်းကြောင်းကတော့ သူ့ရဲ့ ကတိကဝတ်က အရေးကြီးတယ်။ တကယ်ပဲ သူတို့အုပ်စုတွေက နှုတ်ထွက်ပေးသွားမယ် လုပ်တယ်ဆိုရင်၊ ဒါ တကယ် ဂုဏ်သိက္ခာလည်း ရှိတယ်။ အဖက်ဖက်ကနေ လုပ်သာကိုင်သာရှိတဲ့အခြေအနေ ဖြစ်မယ်။ ဆိုတော့ အဲ့ဒီအခြေအနေတခုကနေလွဲလို့ နောက်ပုံစံတွေနဲ့ ထွက်ပေါက်ကို ရှာလို့မရဘူးလို့ ကျမကတော့ ပြောချင်တယ်။

**မေး။ ။ အဲ့ဒီမှာ သူက လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းမှ ဆိုတဲ့ကိစ္စကို ပြောထားတယ်။ ဒီအတိုင်းဆိုရင်တော့ ခုနက ပြောထားတဲ့ မာရှယ်လောအရ ၆ လ သက်တမ်းတိုးတာပဲဖြစ်ဖြစ်၊ တမျိုးတဖုံ ဖြစ်ဖြစ် မာရှယ်လောကို ဆက်ပြီး ယူသွားမယ့်ပုံစံ ဖြစ်တယ်။ ဆိုတော့ အဲ့ဒီလိုမျိုး စစ်အုပ်ချုပ်ရေးကိုပဲ ရွေးကောက်ပွဲမလုပ်နိုင်ခင်အထိ ဆက်ယူသွားမယ့် အပေါ်မှာရော ဘယ်လိုမျိုးပြောချင်ပါသလဲ။**

**ဖြေ။ ။** အဲ့ဒါကြောင့် ပြောတာပေါ့နော်။ ငြိမ်းချမ်းရေးလမ်းကြောင်းကို စဖွင့်ပြီဆိုရင်၊ တကယ်ဖွင့်တယ်ဆိုရင် ငါပြောသလို လုပ်မယ်ဆို မရဘူး။ ဆိုတော့ ခင်ညွှန့်လက်ထက်မှာ ဖြစ်ခဲ့တာ ရှိတယ်။ လက်နက်နဲ့ ငြိမ်းချမ်းရေးယူတယ်ဆိုတဲ့ Concept ကြီးကပဲ ဒီလူတွေအပေါ်မှာ တော်တော် ခြောက်လှန့်ခံနေရတယ်။ အဲ့ဒီ အခါ ဘာဖြစ်လဲဆိုတော့ ငြိမ်းချမ်းရေးပေါ်မှာ ငါတို့က ပေးတဲ့သူ မင်းတို့ကတော့ လက်နက်စွန့်တယ်လို့ ဘာတို့ ထင်ကြတဲ့အခြေအနေ အဲ့ဒါတွေ ဖြစ်တာလေ။ မင်းတို့ကတော့ လက်နက်ကိုထားခဲ့၊ ငါတို့နဲ့ လာစကားပြော ဆိုတဲ့ အထာပေါ့။ အဲ့ဒါ မရဘူး။ အဲ့လို လုပ်နေသ၍ သူ့ထွက်ပေါက်ကို သူတွေ့မှာ မဟုတ်ဘူး။ စစ်အုပ်စုက ဘယ်တုန်းကမှ အဲ့ထွက်ပေါက်နဲ့ သွားလို့ မရတော့ဘူး။ အရင်တုန်းကတော့ ဖြစ်နိုင်တယ်။ ဖြစ်နိုင်တာ ဘာကြောင့်လဲဆိုတော့ အခင်းအကျင်းအရ လက်နက်ကိုင်အင်အားစုတွေ တော်တော်များများက မြို့ပြတွေ အထိနာမှာစိုးလို့ စစ်ကို ခြေတလှမ်း ပြန်ဆုတ်ထားတယ်။ သူတို့ကတော့ ဘယ်သူနာနာ၊ မနာနာ ချမှာပဲ။

အခုက ဘယ်လိုမှ အဲ့ဒီအခြေအနေကို စဉ်းစားလို့၊ အဲ့ဒီအခင်းအကျင်းတွေကို ထိုင်စဉ်းစားနေလို့ မရဘူး။ စဉ်းစားရင်း စဉ်းစားရင်းနဲ့ ကိုယ်က တဖြည်းဖြည်းနဲ့ ပျောက်သွားတာလေ၊ ပျောက်အောင် လုပ်တာကိုး။ သူက အဲ့လိုလုပ်တာကိုး။ အဲ့တော့ ဘာပဲဖြစ်ဖြစ် လူထုကလည်း ဒီအချိန်မှာ သဘောပေါက် လာတယ်။ တိုက်ပွဲဝင်တဲ့ အခြေခံတွေကို သူတို့ လက်ခံလာတဲ့အခါမှာ သူတို့ကိုယ်တိုင် တွန်းလာတယ်။ သူတို့ကိုယ်တိုင်

မြင်လာတယ်။ သူတို့ကိုယ်တိုင် မြို့ပြတွေအထိ ရောက်လာတဲ့အခါမှာ သူတို့ကိုယ်တိုင် ခံစားလာရတယ်။ သူတို့ကိုယ်တိုင် သိလာတယ်။ သိလာတဲ့အခါ ဒါကို ဘယ်လိုပဲဖြစ်ဖြစ် တွန်းအားတရပ်အနေနဲ့ ပြန်ပြီးတော့ လက်ခံလာကြတာ ဖြစ်တယ်။ အခုအခြေအနေကတော့ သူတို့လုပ်ချင်နေတဲ့ ထွက်ပေါက်ကတော့ ဘယ်လိုမှ ပွင့်မယ်လို့တော့ မထင်ဘူး။ ကိုယ့်ဘက်ကတော့ ဒီလို ထောင်ချောက်မျိုးတခုခု ပွင့်လာရင် သတိထားပါ။ စစ်အုပ်စုကို အမြဲတမ်း သွားနားထောင်ပြီးတော့ သဘောထားမကွဲမိဖို့ပဲ အရေးကြီးတယ်လို့ ဆိုလိုချင်ပါတယ်။

**မေး။ ။ ဒါပေမယ့် တခုရှိတာက လက်နက်ကိုင်ပဋိပက္ခ အခုအခြေအနေအရ တဖက်ကိုတဖက် အနိုင်ရမယ့် အနေအထားက နည်းနည်းလေး ခက်ခဲတဲ့ အခြေအနေမှာ ရှိနေတယ်။ ရေရှည်သွားမယ်ဆိုရင် ဘာပဲ ပြောပြော လူထုက နာမှာပဲ။ ဒီအခြေအနေမှာ စစ်ကောင်စီကလည်း သူတို့ရှုံးနေတဲ့ အနေအထားမှာ NCA လမ်းကြောင်းအတိုင်းတော့ သွားမယ်။ ဒါပေမယ့် သူ့ဘက်က တိုင်းရင်းသားတွေကို တော်တော် များများ အလျှော့ပေးမယ်ပေါ့။ အဲဒီအခါ တိုင်းရင်းသားတွေဘက်က စဉ်းစားချက်က တမျိုးဖြစ်လာနိုင်လား။**

**ဖြေ။** ။ လူတိုင်းက ငြိမ်းချမ်းရေးလိုချင်တယ်။ အဲ့စကားလုံးကို သူ့ဘက်က စပြီးတော့၊ သူပါးစပ်က စပြီးတော့။ ကျမတို့တွေက ရှင်းရှင်းပဲ။ ငြိမ်းချမ်းရေးယူချင်လို့ကိုမှပဲ ဖက်ဒရယ်ဒီမိုကရေစီ သွားချင်တယ်။ ဒါက ရိုးရိုးလေးပဲ။ ဒါပေမယ့် ကတိတည်ဖို့က လိုတာ။ ဘာလဲဆိုတော့ ဘာစကားမှ မပြောခင်မှာ၊ ငြိမ်းချမ်းရေးမလုပ်ခင်မှာ အပစ်အခတ်ရပ်စဲရေးကို အရင်လုပ်ထားကြည့်ပေါ့။ အပစ်အခတ်ရပ်စဲရေးမှာ၊ အပစ်အခတ်ရပ်စဲရေး လုပ်တယ်ဆိုတဲ့ နေရာမှာ ပထမဆုံးတချက် သူ တကယ် ငြိမ်းချမ်းရေးလိုချင် တယ်ဆိုရင် လေယာဉ်နဲ့ ဗုံးမကြဲနဲ့။ စစ်တပ်ဆိုတာ ရိုးရိုးပဲ။ သူတို့က ဟိုအထက်ကနေ အောက်အထိကို ပါဝါက စီးဆင်းပြီးသား။ သူတို့မှာ အဲ့လိုပါဝါ ရှိရဲ့သားနဲ့ အောက်ခြေကလူတွေက နားမလည်လို့ တိုက်ပွဲဖြစ်ကြတာပါ ဆိုတာမျိုး လုပ်လို့မရဘူး။ တိုင်းရင်းသား အင်အားစုတွေ ကြားထဲမှာတော့ ဘယ်နယ်မြေကို မချဲ့နဲ့၊ မကျူး ကျော်နဲ့လို့ သူတို့ခေါင်းဆောင်တွေ ပြောထားရင် သူတို့က ရှေ့တိုးလေ့ မရှိဘူး။ မတိုးကြပါဘူး။ စပြီး တော့ ကျူးကျော်တာ၊ တွေ့ရန်စတာတွေက အမြဲတမ်း စစ်အုပ်စုကလုပ်တာ။

ဆိုတော့ အဲ့ဒါကို ထိန်းချုပ်နိုင်တယ် ဆိုတဲ့ဟာကို အားလုံး ၆ လအတွင်း အပစ်အခတ် ရပ်စဲထားကြမယ် ဆိုတဲ့ သဘောတူညီချက်နဲ့ စလုပ်ကြည့်ပါ။ လုပ်ကြည့်လို့ တကယ်ဟုတ်တယ်၊ ဒီအခြေအနေကတော့ ရှေ့ကို ထပ်တိုးတင်မယ်ဆိုရင် နောက်တဆင့် ဆွေးနွေးမှုကို ဘယ်လို လုပ်ကြမလဲ။ ဒီနေရာမှာ ဆွေးနွေးမှုက စစ်အုပ်စုက ယုံကြည်စရာမရှိဘူး။ စစ်အုပ်စုနဲ့ဆွေးနွေးမှာ မဟုတ်ဘူးနော်။ ဒီမှာလည်း နားလည်မှု လွဲပြန်ဦးမယ်။ စစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲပြီးတော့ နောက်တဆင့်မှာ စစ်အုပ်စုက နိုင်ငံရေးကနေ ထွက်မယ်။ ဒါပေမယ့် ဒီတောင်းဆိုချက်တွေက ရှိနေတယ်ဆိုတဲ့ ဒီဆွေးနွေးမှုတွေမရှိနေရင်၊ ဒီမှာ တတိယ နိုင်ငံရဲ့ပါဝင်မှု အရေးကြီးလာတယ်။ ဘာလို့လဲဆိုတော့ သက်သေအားဖြင့် တတိယနိုင်ငံတွေ မပါဘူး ဆိုရင်လည်း ပြောတဲ့ ဆိုတဲ့ လုပ်တဲ့ ကိုင်တဲ့ကိစ္စတွေက အရင်လို ပြဿနာထပ်တက်ဦးမယ်။ ဆိုတော့ အဲ့လို Holding Participant သိပ်မလုပ်နိုင်ဘူးဆိုရင်၊ တတိယနိုင်ငံကလည်း အဲ့လို မပါဝင်ဘူး၊ မကူညီနိုင်ဘူး




ဆိုရင်တော့ သူတို့တွန်းချင်တဲ့ လမ်းကြောင်းမျိုးကို ဒီလိုကိစ္စနဲ့ ရောပြီးမတွန်းဖို့ အရေးကြီးတယ်လို့ ယူဆပါတယ်။

**မေး။ ။ အဲ့ဒီတော့ စစ်ရေးပဋိပက္ခက ရေရှည်နေမယ့် အနေအထားမျိုးဖြစ်နေမယ်ဆိုရင် ရွေးကောက်ပွဲလက်မခံရေး၊ စစ်အာဏာရှင် အမြစ်ဖြတ်ရေး စသည်ဖြင့် ကြွေးကြော်ထားတဲ့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီရဲ့ မူဝါဒတွေနဲ့ ပတ်သက်ရင် တစုံတရာ အပြောင်းအလဲဖြစ်လာနိုင်လား။**

**ဖြေ။** ။ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးလို့ ကျမတို့ပါတီက တိတိကျကျ ယုံကြည်တယ်။ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးကို လုပ်ဖို့အတွက် နည်းလမ်းပုံသဏ္ဍာန်တွေကတော့ တခြားသူတွေနဲ့ ကွဲပြားကောင်းကွဲပြားနိုင်တယ်။ ကျမတို့ရဲ့ စဉ်းစားချက် လုပ်ပုံကိုင်ပုံ ကွဲပြားကောင်း ကွဲပြားနိုင်တယ်။ ဒါပေမယ့် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးက တိုက်ပွဲဖြစ်သည်ဖြစ်စေ၊ တိုက်ပွဲမဖြစ်သည်ဖြစ်စေ၊ ရှင်သန်နေစဉ်ကာလတွေမှာ ချုပ်ငြိမ်းအောင် လုပ်ရမယ့် တာဝန်က ကျမတို့မှာ ရှိတယ်။ ဒါပေမယ့် ကိုယ့်ခြေကိုယ့်လက်နဲ့ ကိုယ်နိုင်သလောက်နဲ့ ကိုယ်ပြရတဲ့ ကိစ္စတွေလည်း ဖြစ်လာနိုင်တယ်။ ဖြစ်နေခဲ့ဖူးတာပဲ။ အရင်တုန်းကလည်း ဖြစ်ခဲ့ဖူးတယ်။ ကျမတို့က ဒါတွေကို ထောက်ပြတယ်။ လုပ်ဆောင်ပြတယ်။ တပြိုင်နက်တည်းမှာ ကိုယ်တွန်းနိုင်သလောက် တွန်းတယ်။ ကိုယ်စုနိုင်တဲ့ လူထုတွေကြားမှာ အမြင်ကျယ်အောင် ကျမတို့ လုပ်နိုင်တယ်။ ဒီနည်းနဲ့ တဖြည်းဖြည်းနဲ့ စစ်အာဏာရှင်စနစ်၊ အာဏာရှင်စနစ်ဆိုတာ ပေါ်လွင်အောင်လုပ်ဖို့ ကျမတို့ ကြိုးစားတယ်။ တိုင်းပြည်ရဲ့ ရေရှည်မှာ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးက မချုပ်ငြိမ်းမချင်း လုပ်ဆောင်ရမယ့် တာဝန်လို့ ပါတီက နားလည်ထားတာပါ။

***** ***** *****


# ယနေ့ပြည်သူတွေရဲ့ဘဝ

**ခင်စုစုဇင်**



နိစ္စဓူဝ ရုန်းကန်ရှာဖွေစားသောက်နေတာ မလုံလောက်ကြတဲ့ ပြည်သူတွေရဲ့ ရင်ထဲကို ဝင်ကြည့်ကြည့်ပါ။ နိုင်ငံရေးကမကောင်း၊ စီးပွါးရေးကမကောင်းနဲ့ မိသားစုလိုက် အလုပ်လုပ်ရင်တောင် မလုံလောက်ပါဘူး။ အာဏာသိမ်းပြီး CDM လုပ်ကြဆိုတော့ အခြေခံနိုင်ငံရေး သဘောသဘာဝကို သေချာနားမလည်နိုင်ပေမယ့် မတရားမှုဆိုတာကို သိနားလည်တဲ့အတွက် အများစုက CDM ကို အုံနဲ့ကျင်းနဲ့ လုပ်ကြတာ တွေ့ရတယ်။ CDM လုပ်တယ်ဆိုတာ ဘယ်က ထောက်ပံ့မလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ လုပ်ကြတာ မဟုတ်တော့ ကိုယ်တိုင် ရုန်းကန်ကြရတာပါပဲ။ အစိုးရဝန်ထမ်းတွေဘဝက ဆွေစဉ်မျိုးဆက် ဆက်ခံလာတာဖြစ်တဲ့အတွက် CDM လုပ်လိုက်တဲ့ အခါမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ကုန်ကြတယ်။ CDM လည်း CDM အလျောက်၊ တက်ကြွလှုပ်ရှားသူလည်း တက်ကြွလှုပ်ရှားသူအလျောက် ဒုက္ခမျိုးစုံ ကြုံနေရတယ်။

ရွာလုံးကျွတ် မီးရှို့ခံရတာတွေ ရှိတယ်။ လူတွေကို အရှင်လတ်လတ် မီးရှို့တာတွေ ရှိတယ်။ အဓမ္မပြုကျင့်တာတွေ ရှိတယ်။ ဒါတွေကို ဘယ်ဥပဒေကမှ ကာကွယ်ပေးထားတာ မရှိဘူး။ အာဏာသိမ်းပြီးနောက်ပိုင်း ပြည်သူတွေဘဝမှာ ပလုံကောက်စားရတဲ့ ဘဝတွေက ပိုများလာတာ တွေ့ရတယ်။ တောင်းရမ်းစားသောက်သူတွေ များပြားလာတယ်။ ပြည့်တန်ဆာတွေ များလာတယ်။ မူးယစ်ဆေးဝါးစွဲသူတွေ ပိုများလာတယ်။ ဒါတွေက အာဏာသိမ်းတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်တယ်။



ရှန်းကန်နေရင်း ၄ နှစ်ကျော်သာ ကြာလာတယ်။ စစ်မီးက မငြိမ်းနိုင်တော့ ပြည်သူတွေမှာ ဒုက္ခမျိုးစုံ တွေ့ကြရတယ်။ ခေတ်ကိုက အပြင်ထွက်ပြီး အလုပ်လုပ်ရင်လည်း မလုံခြုံ၊ အိမ်မှာနေရင်လည်း မလုံခြုံ တဲ့ခေတ်ဖြစ်နေတယ်။ အခုဆိုရင် စစ်မှုထမ်းဥပဒေက အမျိုးသားအပြင် အမျိုးသမီးပါ စစ်မှုထမ်းဖို့ ခေါ်နေပြီ ဖြစ်ပါတယ်။

တချို့လည်း ပြည်ပတွေ၊ လွတ်မြောက်နယ်မြေတွေကို တိမ်းရှောင်ရတယ်။ လွတ်တဲ့သူလည်း လွတ်တယ်။ ပြန်လာရင် စစ်မှုထမ်းရမယ်ဆိုပြီး လက်မှတ်ထိုးရတဲ့ သူတွေလည်း ရှိပါတယ်။ ဘယ်မှာများကောင်းတာရှိနိုင်မလဲ။ ပြည်ပရောက်ပြန်တော့လည်း အလုပ်အကိုင်ရှားပါးတဲ့ ဒုက္ခ၊ နေထိုင်ဖို့ အထောက်အထားလုပ်ရတဲ့ဒုက္ခ၊ စားဝတ်နေရေး ဒုက္ခရောက်နေကြတဲ့ သူတွေလည်း ဒုနဲ့ဒေးပဲ။ ကိုယ့်နိုင်ငံမှာ နေထိုင်ဖို့ မလုံခြုံလို့ သူများနိုင်ငံခိုလှုံပါတယ် ဆိုတာတောင် သူ့ဒုက္ခနဲ့သူ ရှိနေပါတယ်။

ဒါတွေရဲ့ အရင်းအမြစ်အခြေခံကို လိုက်မယ်ဆိုရင် စစ်အာဏာရှင်စနစ်ဆိုးကြောင့်ဆိုတာ မလွဲ မသွေပါပဲ။ မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းတာ အခုမှ မဟုတ်ပေမယ့် မျိုးဆက်ပေါင်းများစွာ ခံစားနေခဲ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုစနစ်ဆိုး အဖြစ်ဆိုးတွေက ပြည်သူတွေ နေ့စဉ်ခံစားနေရတဲ့ ဒုက္ခတွေပဲ ဖြစ်ပါတယ်။ ဒီလို စနစ်ဆိုးတွေကို ယနေ့အချိန်မှာ အမြစ်ပြတ်အောင် တိုက်နိုင်ဖို့လိုပါတယ်။

ခင်စုစုဇင် ( ၂၁၊ ၂၊ ၂၀၂၅ )

*****　　*****　　*****

# ဘယ် " အား " ကို " ကိုး " ကြရမှာလဲ

## ထွန်းမြတ်

စစ်အာဏာသိမ်းမှုကို လက်မခံတဲ့ ပြည်သူသန်းပေါင်းများစွာဟာ တိုင်းပြည်အနှံ့က မြို့ရွာများရှိ လမ်းမတွေပေါ်တက်ပြီး ငြိမ်းချမ်းတဲ့ နည်းနာမျိုးစုံနဲ့ ပြည်သူ့လိုလားချက်တွေကို ဖော်ထုတ်ဆန္ဒ ပြသခဲ့ကြပြီး ဖြစ်ပါတယ်။ မြန်မာစစ်တပ်ဟာ ဘာကြောင့် အာဏာသိမ်းမှုကို ပြုလုပ်ခဲ့သလဲ ဆိုတာနဲ့ ပတ်သက်ပြီး အမြင်အမျိုးမျိုး ရှိနိုင်ပါတယ်။ ခိုင်မာပြီး သက်သေအထောက်အထားများစွာ ရှိနေတာကတော့ စစ်အုပ်စုရဲ့ အကျိုးစီးပွါး ထိခိုက်လာနိုင်မယ့် အခြေအနေများကြောင့်ပါ။ အာဏာသိမ်းတဲ့ အခါမှာလည်း စစ်တပ် အင်အားကို အစွမ်းကုန်သုံးမယ်။ စစ်အာဏာနဲ့ တိုင်းပြည်ကို ထိန်းချုပ်မယ်။ ဆန့်ကျင်ဆန္ဒပြကြရင်လည်း တခဏပဲ။ မကြာခင်မှာ ပြိုကွဲသွားပြီး သူတို့ထိန်းချုပ်မှုအောက်ကို ရောက်သွားလိမ့်မယ်လို့ ပြည်သူတွေရဲ့ သတ္တိနဲ့ စွမ်းဆောင်ရည်ကို ပေါ့ပေါ့လေး ယူဆခဲ့ကြဟန် တူပါတယ်။ ဒါပေမယ့် လူထုက မညံ့ပါ၊ မအပါဘူး။ ကာလတို ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ခဲ့ကြပေမယ့် အာဏာသိမ်းပြီး ရက်ပိုင်းကတည်းက စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြဖို့ရာ လမ်းမများပေါ် ချီတက်နေကြပါပြီ။ ဒီတော့လည်း မြန်မာစစ်တပ်ဟာ သူတို့ အကျင့်စရိုက်အတိုင်း ဖက်ဆစ်သန္တေကို ထုတ်ပြတဲ့အနေနဲ့ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုတွေကို အကြမ်းဖက်ဖြိုခွင်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

အကြမ်းဖက်ဖြိုခွင်းမှုတွေ ရှိလာတဲ့နောက်မှာ လူထုက ကိုယ့်ရပ်၊ကိုယ့်ရွာတွေအလိုက် လုံခြုံရေး အဖွဲ့များ ဖန်တီးထူထောင်ခြင်း၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ ဖန်တီးခြင်းတို့ ပြုလုပ်ခဲ့ကြတယ်။ ဖက်ဆစ် သန္တေ ကိန်းအောင်းနေပြီးသား စစ်အုပ်စုဟာ လူထုဘက်က တုံ့ပြန်တောင်းဆိုမှုတွေကို ပြင်းထန်တဲ့ ဖြိုခွင်းမှုတွေနဲ့သာ ပြန်ပြီး တုန့်ပြန်ပါတယ်။ ဒီတော့ လူထုဟာ အင်မတန် နာပါပြီ။ အကြမ်းမဖက် နည်းလမ်းများအပြင် အကြမ်းဖက်တုံ့ပြန်မယ့် နည်းလမ်းတွေကိုလည်း ကိုင်စွဲဖို့ သင့်ပြီလို့ ယူဆကြပါပြီ။



ဒါကြောင့်လည်း ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ အမျိုးသားညီညွတ်ရေးအစိုးရ ဖွဲ့စည်းခဲ့ပြီး မေလ ၅ ရက်နေ့မှာတော့ ပြည်သူ့ကာကွယ်ရေး တပ်မတော်ကို စတင်ထူထောင်ခဲ့ပါတယ်။

အထက်က တင်ပြချက်တွေဟာ နွေဦးတော်လှန်ရေးရယ်လို့ ဖြစ်ပေါ်ခဲ့တဲ့ ရုပ်ပုံကားချပ်များ၊ ပုံရိပ်များကို ပြန်လည် မြင်သာစေနိုင်ရန်အတွက် အကျဉ်းမျှ ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ စကားဆက်စပ်မိလို့ ပြောရရင် စစ်အုပ်စုဟာ ၎င်းတို့အာဏာတစုံလုံး (သို့) တစိတ်တပိုင်း ရနေစဉ် ကာလများကတည်းက လက်နက်ကိုင်တော်လှန်ရေးကို လူထုအနေနဲ့ မရွေးချယ်ဖို့ အဆက်မပြတ် ဝါဒဖြန့်ချိမှုများစွာ ပြုလုပ်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း စစ်အုပ်စုရဲ့ ဝါဒဖြန့်ချိမှုများနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လက်နက်ကိုင်တော်လှန်ရေးကို လူထုက ရွေးချယ်ခဲ့ကြပါတယ်။ အနှစ်ချုပ်ရရင် လက်နက်ဖြင့် ဖိနှိပ်သူကို လက်နက်ဖြင့် တန်ပြန်ခုခံတော်လှန်မှု နည်းလမ်းကို လူထုက ရွေးချယ်ခဲ့ကြပါတယ်။

၂၀၂၁ စစ်အာဏာသိမ်းမှု စတင်ချိန်ကာလများမှာ လူထုဟာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အင်အားကြီးနိုင်ငံတွေအပေါ် အားကိုးခဲ့ကြတယ်။ စစ်အာဏာသိမ်းမှုကို ကန့်ကွက်ပေးကြဖို့၊ စစ်အာဏာသိမ်းမှုအား ဆန့်ကျင်တော်လှန်ကြသူတွေကို အကူအညီပေးကြဖို့ တောင်းဆိုမှုတွေ ပြုခဲ့ကြတယ်။ ဒါပေမယ့် သိပ်ပြီး အကျိုးမထူးခဲ့ပါဘူး။ ဒီတော့ ကိုယ့်အားကိုယ့်ကိုးပြီး ခုခံတော်လှန်မှုတွေကို ဆင်နွှဲခဲ့ကြပါတယ်။ လက်နက်ကိုင်တော်လှန်ရေးကို ရွေးချယ်လိုက်ကတည်းက လက်နက်ခဲယမ်းရှားပါးမှုနဲ့ နည်းပညာမပြည့်စုံမှုတွေကို တွေ့ကြုံခဲ့ရပြီး အစောပိုင်းကာလတွေမှာ လက်လုပ်တူမီး၊ လောက်လေးဂွတွေနဲ့ပါ သေနတ်ကိုင်ထားတဲ့ စစ်ဘီလူးတွေကို တုံ့ပြန်ခဲ့ကြတာပါ။ ရန်သူ့ဖိနှိပ်မှု ကြီးလေလေ မိမိတို့ အင်အားစုများဘက်က တုန့်ပြန်မှုတွေ အင်အားကြီးလာလေလေ ဖြစ်လာခဲ့ပါတယ်။ ဒ့ါအပြင် လူထုရဲ့ စိတ်ဓာတ်ခိုင်မြဲမှု၊ နာကျည်းမှုတွေဟာ အစွမ်းမြင့်လက်နက်တွေ ပိုင်ဆိုင်ထားတဲ့ စစ်တပ်ကို လောက်လေးဂွ၊ ဂျင်ဂလိတွေနဲ့ ရင်ဆိုင်နိုင်ခဲ့ကြောင်း သမိုင်းတွင်ခဲ့ပါပြီ။ ခုခံတော်လှန်မှုကို နောက်တဆင့် ထပ်တက်တဲ့အနေနဲ့ ရန်သူစစ်တပ်တွင်းကနေ လူထုနဲ့ ပူးပေါင်းခဲ့ကြတဲ့ အတွေ့အကြုံရှိသူများထံမှ သင်ကြားမှုနဲ့ အင်တာနက်ပေါ်မှ တွေ့ရှိမှုများကို အသုံးပြုပြီး ရန်သူနဲ့ တန်းတူရည်တူ တိုက်ခိုက်နိုင်တဲ့ လက်နက်အမျိုးအစား များစွာကို စမ်းသပ်ထုတ်လုပ်မှုခဲ့ကြပါတယ်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှာ မြောက်ပိုင်း ညီနောင်မဟာမိတ်သုံးဖွဲ့ အဖွဲ့ဝင်တွေဖြစ်တဲ့ ရက္ခိုင့်တပ်တော်(AA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNDAA) နဲ့ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) တို့ ဦးဆောင်တိုက်ခဲ့တဲ့ "၁၀၂၇ စစ်ဆင်ရေး"ဟာ ပြည်သူအပေါင်း ဆင်နွှဲနေတဲ့ ပြည်သူ့ခုခံတော်လှန်စစ်အတွက် အကျိုးများသည့် စစ်ဆင်ရေးတခု ဖြစ်ခဲ့ပါတယ်။ ဒီစစ်ဆင်ရေးနဲ့ သူ့သက်ရောက်မှုတွေကြောင့် မြန်မာစစ်တပ်ရဲ့ တိုင်းစစ်ဌာနချုပ်တွေနဲ့ စစ်စခန်းများစွာကို သိမ်းပိုက် ရရှိခဲ့ပါတယ်။ သုသေတနအဖွဲ့တဖွဲ့ရဲ့ လေ့လာစောင့်ကြည့်မှုများအရဆိုရင် ၂၀၂၄ ခုနှစ်အတွင်း လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများ (EROs)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များနဲ့ မြန်မာစစ်တပ်ကြား တိုက်ပွဲပေါင်း (၄၀၈၂) ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့ပြီး တရက်ကို ပျမ်းမျှ ၁၁ ကြိမ်နှုန်းခန့် တိုက်ပွဲဖြစ်ပွါးခဲ့တာကို တွေ့ရတယ်။ တိုက်ပွဲများအတွင်း လူမျိုးစု လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဘက်မှ စစ်ကောင်စီရဲ့ ကင်းစခန်း၊ ဗျူဟာမြောက်စခန်းကုန်းတွေ အပါအဝင် တပ်စခန်းပေါင်း အနည်းဆုံး (၆၄၃)ခုကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့တယ်။ သိမ်းပိုက်ရရှိခဲ့တဲ့ တပ်စခန်းအများဆုံးကတော့ ကချင်ပြည်နယ်မှာ (၁၃၈)ခု၊ ရခိုင်ပြည်နယ်မှာ စခန်းပေါင်း (၁၁၃)ခုနဲ့ မန္တလေးတိုင်းမှာ (၆၆)ခု သိမ်းပိုက်ခဲ့တာကို တွေ့ရတယ်။ ထိတွေ့တိုက်ပွဲတွေကြောင့် မြန်မာစစ်တပ်ဘက်က ၇၈၄၈ ဦးထက်မနည်း ကျဆုံးခဲ့ပြီး ၃၉၉၈

ဦးထက်မနည်း ဒဏ်ရာရရှိခဲ့တယ်။ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (PDF)တွေဘက်က ၇၂ ဦးထက်မနည်း ကျဆုံးပြီး ၁၀၂ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ အချက်အလက်တွေအရ ပြည်သူ့ခုခံတော်လှန်စစ် ဆင်နွှဲခြင်းကြောင့် ဖောက်ပြန်တဲ့ စစ်အုပ်စုဟာ သမိုင်းတလျှောက် မကြုံစဖူး စစ်ရေးရှုံးနိမ့်မှုများစွာ တွေ့ကြုံခဲ့ရတယ်။ အုပ်ချုပ်ရေးခိုင်မြဲခဲ့တဲ့ မြို့ပေါင်းများစွာကိုလည်း လက်လွှတ်ခဲ့ရပါတယ်။

အဖိနှိပ်ခံ ပြည်သူတရပ်လုံးဟာ ကိုယ့်ပြည်တွင်းရေးကိစ္စကို ကိုယ့်ခြေထောက်ပေါ်ကိုယ် မြဲမြဲရပ်၊ ကိုယ့်အင်အားကို ခိုင်မာအောင် တည်ဆောက်ပြီး ရန်သူစစ်အုပ်စုကို တိုက်ခိုက်နေဆဲ ဖြစ်ပါတယ်။ ဘယ်နိုင်ငံကြီးထံကမှ ကျည်တတောင့်တောင် မရခဲ့ဘဲနဲ့ ရန်သူ့စစ်အုပ်စုရဲ့ အသက်သွေးကြော၊ နှလုံးအူတိုင်တွေကို ဖျက်ဆီးချေမှုန်း နေကြတယ်။ ရန်သူစစ်အုပ်စုကတော့ ခုခံတော်လှန်စစ်အတွက် လက်နက်ကိုင် တိုက်ပွဲဆင်နေကြတဲ့ ပြည်သူအပေါင်းနဲ့ သဏ္ဍာန်ချင်း အင်မတန်မှ ခြားနားပါတယ်။ ရှိနှင့်ပြီးသား အင်အားဆိုတာတွေကလည်း တဖြုတ်ဖြုတ်ကျဆင်း၊ တိုက်ရည်ခိုက်ရည်က မရှိ။ နောက်ဆုံး တပ်သားရေသောက်မြစ်ပါ မရှိတော့လို့ ပြည်သူ့တွေကို အဓမ္မစစ်မှုထမ်းစေဖို့ စစ်မှုထမ်း(ဖမ်း)ဥပဒေကိုပါ ထုတ်နေရတဲ့ အခြေအနေမျိုးပါ။ ဒါ့အပြင် တပ်ခေါင်းဆောင်အချင်းချင်းပါ မယုံကြည်နိုင်ဖြစ်ပြီး စစ်တပ်နဲ့ စစ်ခေါင်းဆောင်များအပေါ် သစ္စာရှိမှုက အရေးကြီးဆုံးဖြစ်ကြောင်း ကျန်တာကို ခွင့်လွှတ်လို့ ရပေမယ့် သစ္စာမဲ့မှုကို ခွင့်မလွှတ်နိုင်ကြောင်းကို စစ်ဘက်ဆိုင်ရာ အစည်းအဝေးများမှာပါ မင်းအောင်လှိုင်က ထုတ်ပြောနေရတဲ့ အခြေအနေ ဖြစ်နေပါပြီ။ ပြည်သူတွေကိုရော၊ တပ်တွင်းရှိ လုံခြုံရေးတွေကိုပါ မယုံကြည်နိုင်တဲ့အတွက် "ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာဥပဒေ" ဆိုတာကိုပါ ထုတ်ပြန်ပြီး နိုင်ငံတကာက လုံခြုံရေး ကြေးစားစစ်သားတွေကိုပါ ခေါ်သွင်းဦးမှာပါ။ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံကိုတော့ မင်းအောင်လှိုင်ခေါင်းဆောင်တဲ့ ဖက်ဆစ်စစ်တပ်ဟာ အင်မတန် အားကိုးရှာပါတယ်။ သွားလိုက်တဲ့ ခရီးစဉ်တွေမှာလည်း နည်းပညာနဲ့ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့တွေယူပြီး ပြန်လာလေ့ရှိတယ်။ တွေ့ဆုံကြတဲ့အခါမှာလည်း မျက်နှာဟာ တက်ချိတ်တော့မတက် ဖားယားဆက်ဆံတဲ့အပြင် မျက်နှာချိုတဲ့ ခွေးပေါက်လေးအလား အစွယ်ကိုဝှက် သခင်ကို ခေါင်းနဲ့ပွတ်ပြီး နေလေ့ရှိတာကိုလည်း သတင်းမီဒီယာများမှာ အထင်အရှား မြင်တွေ့ရမှာပါ။

ဆောင်းပါးကို အနှစ်ချုပ်ရရင် ပြည်တွင်းရေးပြဿနာတွေကို အခြားအင်အားကြီးနိုင်ငံများက ဝင်ရောက် စွက်ဖက်လေ့ရှိကြောင်း စစ်ရှုံးတဲ့အခါတိုင်း အမြဲအကြောင်းပြတတ်တဲ့ ဖက်ဆစ်စစ်တပ်ကြီးဟာ ခုတော့ သူ့အင်အား၊ သူ့စုဖွဲ့မှုနဲ့ သူတို့ကို ထောက်ခံပါတယ်ဆိုတဲ့ သူတွေကိုတောင် မယုံကြည်နိုင် အားမကိုးနိုင်တော့ဘဲ အိမ်နီးချင်းနိုင်ငံကြီးတွေ အားကိုးနဲ့ပဲ ဆက်လက်ဖောက်ပြန်၊ ဆက်လက် မိုက်တွင်းနက်နေဦးမှာ ဖြစ်ပါတယ်။

ပြည်သူ့ခုခံတော်လှန်စစ် ဆင်နွှဲနေကြသူများကတော့ ကိုယ့်အားကိုယ်ကိုးပြီး ဖက်ဆစ်စစ်တပ်ရဲ့ လက်နက်ပြ အာဏာသိမ်းပိုက်မှုဟာ ဒီတခါ နောက်ဆုံးဖြစ်ရမယ်။ "ရှုံးမှာလား - နိုင်မှာလား" မမေးနဲ့ နိုင်အောင်တိုက်မှာဆိုတဲ့ စိတ်ဓာတ်နဲ့ ဆက်လက် ချီတက်နေကြဆဲ ဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ စစ်အုပ်စု/ ဖက်ဆစ်စစ်တပ်ကို တခဲနက် ဆန့်ကျင်ခုခံတော်လှန်မှုများဟာ အရှိန်တခုပြီး တခုနဲ့ ဆက်လက် တိုးပွါးနေဦးမှာ ဖြစ်ပါတယ်။ ကိုယ့်အင်အားကို ယုံကြည်၊ ကိုယ့်ပြည်သူကို အားကိုးပြီး မှန်မှန် ဆက်လက် ချီတက်နေကြမယ်ဆိုရင် နွေဦးတော်လှန်ရေးအောင်ပွဲကို ဧကန်မုချ တွေ့မြင်ရမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

***** ***** *****


# လူမှုစီးပွား မြင်ကွင်း




ဒီတလရဲ့ လူမှုစီးပွါးမြင်ကွင်းကိုတော့ ၂၁ ဖေဖော်ဝါရီ၊ ၂၀၂၅ ခုနှစ်ကနေ ၂၀ မတ်၊ ၂၀၂၅ ခုနှစ်အထိ တလတာ မြင်လိုက်မိတာလေးကို မှတ်တမ်းပြုမိတာပါ။ ဒီမြင်ကွင်းလေးကို မြင်ရဖို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ရဲ့ လူထုဆက်ဆံရေးကော်မတီ၊ အချက်အလက် မှတ်တမ်းပြုစုရေးအလုပ်အဖွဲ့ Data Collecting Team က ရဲဘော်တွေ ကြိုးစားခဲ့ကြတာပါ။ တလအတွင်း သတင်းဌာနအစုံကနေ စုဆောင်းရရှိချက်တွေကို ပြန်လည်သုံးသပ် တွေ့ရှိချက်တွေပေါ့။


## ငွေဈေးနှုန်း


ဒီတလတာအတွင်း ငွေလဲလှယ်နှုန်းတွေကို လေ့လာကြည့်တဲ့အခါ နိုင်ငံတကာငွေကြေးတွေ တန်ဖိုး ကျဆင်းနေတာကို တွေ့နိုင်ပါတယ်။ ကြားထဲမှာ တက်လိုက်ကျလိုက် တခါတလေရှိပေမဲ့ ခြုံပြီး ကြည့်လိုက်ရင်တော့ မြန်မာငွေတန်ဖိုး တက်ပြီး နိုင်ငံခြားငွေတန်ဖိုး ကျနေသလိုဖြစ်နေတယ်။ ၂၀၂၅၊ ဖေဖော်ဝါရီ ၂၁ ရက်နေ့မှာ အမေရိကန် ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၄,၄၈၀ ကျပ်ရှိရာကနေ အမေရိကန်ဒေါ်လာတန်ဖိုး တဖြေးဖြေး ကျဆင်းလာလိုက်တာ မတ်လ ၂၀ ရက်နေ့ရောက်တော့ ၄,၃၉၀ ကျပ်ပဲ ဈေးပေါက်



တော့တယ်။ တလအတွင်း ၉၀ ကျပ် ကျဆင်းသွားတာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့လကနဲ့ ယှဉ်ရင်တော့ သိပ်မကျဘူး။ ဇန်နဝါရီ ၂၀ တုန်းက အမေရိကန် ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၄,၆၇၀ ဈေးရှိရာက ဖေဖော်ဝါရီ ၂၀ ရောက်တော့ အမေရိ ကန် ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၄,၄၈၀ ကျပ်ပဲ ပေါက်တော့တယ်။ ၁၉၀ ကျပ်ကွာသွားတယ်၊ ကျသွားတယ်။ အခုလကတော့ ၉၀ ကျပ်ပဲ ကျတာပါ။ ဇန်နဝါရီ ၂၀ ရက်ကနေ အခု မတ်လ ၂၀ ရက်နေ့အထိ ၂ လတာ ပေါင်းကြည့်မယ်ဆိုရင်တော့ အမေရိကန်ဒေါ်လာတန်ဖိုး ၂၈၀ ကျပ် ကွာဟသွားတာ၊ ကျဆင်းသွားတာ တွေ့နိုင်ပါတယ်။









စင်္ကာပူဒေါ်လာ ကြည့်ရအောင်။ သူလည်း ကျတာပဲ။ ဖေဖော်ဝါရီ ၂၁ ပေါက်ဈေးက စင်္ကာပူ ၁ ဒေါ်လာ ကို မြန်မာကျပ်ငွေ ၃,၃၈၀ ဈေးပေါက်တယ်။ မတ်လ ၂၀ ရက်နေ့ကျတော့ စင်္ကာပူ ၁ ဒေါ်လာကို မြန်မာကျပ် ၃,၃၄၀ ပဲ ပေါက်တော့တယ်။ ၄၀ ကျပ် ကျဆင်းသွားတာ။ ဒါပေမဲ့ သူလည်း အရင်တလတာ ကျဆင်းနှုန်းလောက်နဲ့ ယှဉ်ရင်တော့ သိပ်မကျဘူးပေါ့။ ဇန်နဝါရီ ၂၀ ရက်နေ့တုန်းက စင်္ကာပူ ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၃,၄၃၉ ကျပ်၊ ဖေဖော်ဝါရီ ၂၀ ကျတော့ ၃,၃၇၀ ကျပ် ဖြစ်သွားတယ်။ ၆၉ ကျပ် ကျသွားတယ်။ အခု တလ တာကတော့ ၄၀ ကျပ်ပဲ ကျတာ။ ဇန်နဝါရီ ၂၀ ရက်ကနေ အခု မတ်လ ၂၀ ရက်နေ့အထိ ၂ လတာ ပေါင်းကြည့်မယ် ဆိုရင်တော့ စင်္ကာပူဒေါ်လာတန်ဖိုး ၁၀၉ ကျပ် ကွာဟသွားတာ၊ ကျဆင်းသွားတာ တွေ့နိုင်ပါတယ်။


မလေးရှားရင်းဂစ်လည်း ကျတယ်။ အများကြီးတော့ မဟုတ်ဘူး။ ဖေဖော်ဝါရီ ၂၁ ရက်နေ့ စင်္ကာပူ ၁ ဒေါ်လာကို မြန်မာကျပ်ငွေ

၁,၀၁၅ ကျပ် ဈေးပေါက်တယ်။ မတ်လ ၂၀ ရက်မှာ ၁,၀၁၀ ကျပ် ဈေးပေါက်ပါတယ်။ အဲဒီတော့ ၅ ကျပ် ကွာတယ်၊ မလေးရှားငွေဈေး ၅ ကျပ်လောက်ပဲ ကျသွားတယ်။ သူလည်း ပြီးခဲ့တဲ့ တလတာအတွင်း ကျဆင်းနှုန်းလောက်တော့ မကျတော့တာ တွေ့ရတယ်။ ဇန်နဝါရီ ၂၀ ရက်နေ့တုန်းက မလေးရှား ၁ ရင်းဂစ်ကို မြန်မာငွေ ၁,၀၄၂ ကျပ် ဈေးပေါက်တယ်။ ဖေဖော်ဝါရီ ၂၀ ကျတော့ ၁,၀၁၅ ကျပ် ဈေးပေါက်တယ်။ ၂၇ ကျပ် ကွာတယ်၊ ၂၇ ကျတယ်၊ အခုက ၅ ကျပ်ပဲ ကျတာ။ ဇန်နဝါရီ၂၀ ရက်ကနေ အခု မတ်လ ၂၀ ရက်နေ့အထိ ၂ လတာ ပေါင်းကြည့်မယ်ဆိုရင်တော့ မလေးရှားရင်းဂစ်တန်ဖိုး ၃၂ ကျပ် ကွာဟသွား တာ၊ ကျဆင်းသွားတာ တွေ့နိုင်ပါတယ်။

ထိုင်းဘတ်ငွေကတော့ မဆိုစလောက်လေးပါပဲ။ ဖေဖော်ဝါရီ ၂၁ ရက်နေ့ ထိုင်း ၁ ဘတ်ကို မြန်မာငွေ ၁၃၃.၃၃ ကျပ် ပေါက်တယ်။ မတ်လ ၂၀ မှာ ၁၃၁.၅၈ ကျပ် ပေါက်တယ်။ ထိုင်းဘတ် လဲလှယ်နှုန်း ၁.၇၅ ကျပ် လောက်ပဲ ကျသွားတာ။ သူလည်း အရင်တလတာလောက် ငွေဈေးကျမသွားဘူးရယ်။ ဇန်နဝါရီ၂၀ တုန်းက ထိုင်း ၁ ဘတ်ကို မြန်မာငွေ ၁၃၆.၆၁ ကျပ်၊ ဖေဖော်ဝါရီ၂၀ ရက်မှာကျတော့ ၁၃၃.၃၃ ကျပ်။ ၃.၂၈ ကျပ် ကျသွားတာ။ အခုက ၁.၇၅ ကျပ် ကျဆင်းတာ။ ဇန်နဝါရီ ၂၀ ရက်ကနေ အခု မတ်လ ၂၀ ရက်နေ့အထိ ၂ လတာ ပေါင်းကြည့်မယ်ဆိုရင်တော့ ထိုင်းဘတ်တန်ဖိုး ၅.၀၃ ကျပ် ကွာဟသွားတာ၊ ကျဆင်းသွားတာ တွေ့နိုင်ပါတယ်။ တရုတ်ယွမ်ဘက် လှည့်ရအောင်။ ဖေဖော်ဝါရီ၂၁ ရက်နေ့ တရုတ် ၁ ယွမ်ကို မြန်မာငွေ ၆၁၇ ကျပ် ဈေးပေါက်တယ်။ မတ်လ ၂၀ ရက်နေ့က ၆၁၁ ကျပ်ဈေး။ ၆ ကျပ် ကျသွားတယ်။



သူလည်း အရင်တလတာ ပေါက်ဈေးလောက်တော့ ကျမသွားတော့ပါဘူး။ ဇန်နဝါရီ ၂၀ ရက်နေ့ တရုတ် ၁ ယွမ် ကို မြန်မာငွေ ၆၄၅ ကျပ်ဈေးပေါက်တယ်။ ဖေဖော်ဝါရီ ၂၀ မှာကျတော့ ၆၁၇ ကျပ်ဈေး ဖြစ်သွားတယ်။ ၂၈ ကျပ်လောက် ကျသွားတာပါ။ ဇန်နဝါရီ ၂၀ ရက်ကနေ အခု မတ်လ ၂၀ ရက်နေ့အထိ ၂ လတာ ပေါင်းကြည့်မယ်ဆိုရင်တော့ တရုတ်ယွမ်ငွေတန်ဖိုး ၃၄ ကျပ် ကွာဟသွားတာ၊ ကျဆင်းသွားတာတွေ့နိုင်ပါတယ်။


**ရွှေဈေး**

ဒီတလတာမှာလည်း ကမ္ဘာ့ရွှေဈေး တက်ပါတယ်။ ဖေဖော်ဝါရီ ၂၁ ရက်နေ့ ကမ္ဘာ့ရွှေဈေးဟာ ၁ အောင်စကို ၂,၉၄၀ ဒေါ်လာရှိရာက မတ် ၂၀ ရက် ရောက်တော့ ၃,၀၄၉ ဒေါ်လာ ဖြစ်သွားတယ်။ ဒီတလတာ အတွင်း ၁၀၉ ဒေါ်လာ တက်သွားတာ။ ဒါပေမဲ့ အရင် တလတာ ဈေးနှုန်းတက်တာကိုတော့ မမီသေးဘူး။ ဇန်နဝါရီ၂၀ တုန်းက ကမ္ဘာ့ရွှေဈေးဟာ ၁ အောင်စကို အမေရိကန်ဒေါ်လာ ၂,၆၉၈၊ ဖေဖော်ဝါရီ ၂၀ မှာ ၂,၉၃၆ ဒေါ်လာ။ ၂၃၈ ဒေါ်လာ တက်သွားတယ်။ အခုက ၁၀၉ ဒေါ်လာပဲ တက်တာ။ နှစ်လတာ အတွင်း ကြည့်ရင်တော့ သိသာတယ်။ ဇန်နဝါရီ ၂၀ ကနေ မတ် ၂၀ အထိ ၂ လတာအတွင်းမှာ ကမ္ဘာ့ရွှေဈေး ၃၄၇ ဒေါ်လာ တက်သွား တာကို တွေ့ရတာပေါ့။




မြန်မာ့ရွှေဈေးလည်း ယေဘုယျပြောရင် တက်တယ်ပေါ့။ အကယ်ဒမီ မီးလင်းရွှေနဲ့ အခေါက်ရွှေမှာ တက်ပေမဲ့ ၁၅ ပဲ ရည်မှာ ပြန်ကျသွားတာ တွေ့ရတယ်။ အကယ်ဒမီ မီးလင်းရွှေက ၁ ကျပ်သားကို ဖေဖော်ဝါရီ ၂၁ ရက်

နေ့မှာ ၅၅ သိန်းကျပ် ပေါက်စျေးရှိရာက မတ် ၂၀ မှာကျ ၅၅ သိန်း ၈ သောင်းကျပ် ဖြစ်သွားတယ်။ ၈ သောင်း တက်သွားတာပေါ့။ ဒါပေမဲ့ ပြီးခဲ့တဲ့ တလတာက ၉ သောင်း တက်ခဲ့တာတွေ့ရတော့ ပြီးခဲ့တဲ့ တလတာလောက်တော့ မတက်ဘူးလို့ ဆိုနိုင်တယ်။ အခေါက်ရွှေက ဖေဖော်ဝါရီ၂၁ မှာ ၆၇ သိန်း ၂ သောင်း ကျပ်ကနေ မတ် ၂၀ ရောက်တော့ ၆၇ သိန်း ၈ သောင်းကျပ် ဖြစ်သွားတယ်။ ၆ သောင်းကျပ် တက်သွားတာ။ သူလဲ ပြီးခဲ့တဲ့ တလတာလောက် မတက်ဘူး။ ပြီးခဲ့တဲ့ တလတာက ၂ သိန်း ၂ သောင်း တက်ခဲ့တာ။ ၁၅ ပဲရည်ကျတော့ ဖေဖော်ဝါရီ၂၁ မှာ ၆၅ သိန်း ၂ သောင်းကျပ်ကနေ မတ် ၂၀ မှာ ၆၃ သိန်း ၈ သောင်းကျပ် စျေးပေါက်တယ်။ ၁ သိန်း ၄ သောင်းကျပ် ကျသွားတယ်။ ၁၅ ပဲရည် အတက်အကျက ထူးခြားတယ်။ ပြီးခဲ့တဲ့ တလတာတုန်းက ၂ သိန်း ၂ သောင်းကျပ်တောင် တက်ခဲ့သေးတာပ။





ပြီးခဲ့တဲ့ ၂ လတာ စုစုပေါင်းကို ပြန်ကြည့်ရင်တော့ မြန်မာ့ရွှေစျေးတက်တယ်လို့ ဆိုနိုင်တယ်။ ၂၀၂၅ ဇန်နဝါရီ ၂၀ ကနေ မတ် ၂၀ အတွင်း ၂ လတာမှာ အကယ်ဒမီမီးလင်းရွှေက တကျပ်သားကို ၁ သိန်း ၇ သောင်း ကျပ် တက်သွားတယ်။ အခေါက်ရွှေက ၂ သိန်း ၈ သောင်းလောက်ကို တက်သွားတာ။ ၁၅ ပဲရည်လည်း တက် တာပဲ။ ၈ သောင်းလောက် တက်သွားတာ တွေ့ရတယ်။

## ဆန်စျေး

ငြိမ်ချက်သားကောင်းတဲ့ ဆန်စျေးပါပဲ။ ဖေဖော်ဝါရီ ၂၁ ရက် ဆန်ချောစျေးက တပြည်ကို ၈၅၀၀ ကျပ်၊ ဆန်ကြမ်းစျေးက ၄၅၀၀ ကျပ်။ မတ်လ ၂၀ မှာလည်း ဆန်ချောစျေးတပြည်


၈၅၀၀ ကျပ်ပဲ။ ဆန်ကြမ်း ဈေးကလည်း ၄၅၀၀ ကျပ်က ၄၅၀၀ ကျပ်ပဲ။ ဘာမှ မပြောင်းလဲ သွားဘူးရယ်။ ဒီတလတင် ဆန်ဈေးနှုန်း အပြောင်းအလဲ မရှိတာ မဟုတ်ဘူး။ အရင်တလတာ ကာလတုန်းကလည် တလတာလုံး ဒီဈေးပဲ။ အဲဒီတော့ ၂၀၂၅၊ ဇန်နဝါရီ ၂၀ ကနေ မတ်လ ၂၀ ရက်နေ့အထိ ၂ လတာလုံး ဆန်ဈေးအတက်အကျမရှိဘူးလို့ ဆိုနိုင်ပါတယ်။




**စားသုံးဆီ**

စားသုံးဆီဈေးနှုန်းကတော့ အရင် တလတာကာလက အလှုပ်အခတ် မရှိခဲ့ပေမဲ့ ဒီတလတာ ကာလမှာတော့ နည်းနည်း လှုပ်ခတ်၊ အပြောင်းအလဲတချို့ ရှိခဲ့ပါတယ်။ ဖေဖော်ဝါရီ ၂၁ ရက်နေ့ ပဲဆီဈေးနှုန်း ၁ ပိဿာကို ၂၃,၅၀၀ ကျပ် ဈေးပေါက်နေရာကနေ နောက်တရက်ဖြစ်တဲ့ ၂၂ ရက်နေ့မှာ ရုတ်တရက် ထိုးကျသွားတယ်။ ၃,၅၀၀ ကျပ် ပြုတ်ကျသွားပြီး ၂ သောင်းကျပ်တိတိပဲ ပေါက်တော့တယ်။ အဲဒီဈေးနှုန်းက မတ်လ ၁၃ ရက်နေ့အထိ တောက်လျှောက် ၂ သောင်းကျပ်ပဲ။ ဒါပေမဲ့ မတ် ၁၄ မှာတော့ ဈေးနှုန်း ရုတ်တရက် ခုန်တက်သွားပြန်ရော။ ၂၄,၀၀၀ ကျပ်အထိ တက်သွားတာ မတ် ၂၀ ရက်နေ့အထိပဲ။ ဖေဖော်ဝါရီ ၂၁ ပေါက်ဈေးဖြစ်တဲ့ ၂၃,၅၀၀ ကျပ်နဲ့ ယှဉ်ကြည့်ရင် ၅၀၀ ကျပ် တက်သွားတယ်ပေါ့။

စားအုန်းဆီဈေးနှုန်းကတော့ နည်းနည်းပြန်တက်ပြီး မူလဈေးနှုန်းအတိုင်း ပြန်ကျသွားတယ်။ ဖေဖော်ဝါရီ ၂၁ ရက်နေ့မှာ စားအုန်းဆီ ၁ ပိဿာကို ၁၂,၀၀၀ ကျပ် ပေါက်တယ်။ နောက်တရက်ဖြစ်တဲ့ ၂၂ ရက်နေ့ကျ ရုတ်တရက် ဈေးတက်သွားတယ်။ ၁၃,၀၀၀ ကျပ် ဖြစ်သွားတယ်။




95 ဈေးလည်း ဒီလိုပါပဲ။ ဖေဖော်ဝါရီ ၂၁ ရက်နေ့မှာ ၃,၂၂၀ ကျပ် ပေါက်ပြီး မတ် ၂၀ မှာ ၃,၁၃၅ ကျပ် ဖြစ်သွားတယ်။ သူက တလတာ ကာလအတွင်း ၈၅ ကျပ် ကျသွားတာ။ ကြား ထဲမှာ အလှုပ် အခတ်ရှိခဲ့တယ်။ ဖေဖော်ဝါရီ ၂၂ မှာ ၅၀ ကျပ် ခုန်တက်တယ်။ ဖေဖော်ဝါရီ ၂၈ မှာ နောက်ထပ် ၁၀ ကျပ် ထပ်တက်တယ်။ မတ်လ ၈ ရက်မှာတော့ ၇၅ ကျပ် ရုတ်တရက် ကျသွား တယ်။ မတ် ၁၅ မှာ ၇၀ ကျပ် ထပ်ကျ ပြန်တာ တွေ့ရတယ်။

ဒီဇယ်ဈေးက ဖေဖော်ဝါရီ ၂၁ မှာ ၂၇၃၀ ကျပ် ပေါက်တယ်။ မတ် ၂၀ မှာတော့ ၂၆၅၅ ကျပ် ဖြစ်သွားတယ်။ တလတာ ကာလအတွင်း ဒီဇယ်ဈေး ၇၅ ကျပ် ကျသွားတာပါ။ သူလည်း ကြားထဲမှာ လှုပ်ခတ်တယ်။ ဖေဖော်ဝါရီ၂၈ မှာ ၃၅ ကျပ် ခုန်တက်တယ်။ နောက်တော့ တဖြည်း ဖြည်း ပြန်ကျလာတာတွေ့ရတယ်။

ပြီးခဲ့တဲ့ တလတာ ကာလတုန်းကတော့ 92, 95 ဈေးတက်ပြီး ဒီဇယ်ဈေး နည်းနည်းကျ ဆင်းခဲ့တယ်။ အခု တလတာ ကာလမှာတော့ စက်သုံးဆီဈေးတွေ ကျတယ်ပေါ့။ ၂၀၂၅ ဇန်နဝါ ရီ ၂၀ ကနေ မတ် ၂၀ အထိ ၂ လတာကို ခြုံ ကြည့်ပါဦးမယ်။ ဇန်နဝါရီ ၂၀ မှာ 92 က ၃,၀၇၅ ကျပ်၊ မတ် ၂၀ မှာ ၃,၀၈၀ ကျပ် ဆိုတော့ ၅ ကျပ် လောက် တက်သွားတယ်။ 95 က ဇန်နဝါရီ ၂၀ မှာ ၃,၁၄၀ ကျပ်၊ မတ် ၂၀ မှာ ၃,၁၃၅ ကျပ်။ သူက ၅ ကျပ်လောက် ကျသွားတယ်။ ဒီဇယ်က ဇန်နဝါရီ ၂၀ မှာ ၂,၇၄၀ ကျပ်၊ မတ် ၂၀ မှာ ၂,၆၅၅ ကျပ်ဆိုတော့ ၈၅ ကျပ် ကျသွားတယ်။ ခြုံပြောရ ရင် ၂ လတာ ကာလမှာ စက်သုံးဆီဈေးဟာ 92, 95 မှာ သိပ်မပြောင်းလဲဘဲ ဒီဇယ်ဈေးကတော့ ကျသွားတယ်ပေါ့။

## ကြက်သွန်





ကြက်သွန်ဈေးကတော့ အနီရော၊ အဖြူရော ဈေးကျလို့ ကောင်းတုန်း။ ၂၀၂၅၊ ဖေဖော်ဝါရီ ၂၁ ရက်မှာ ကြက်သွန်နီဈေး ၁ ပိဿာဈေးနှုန်း ၄,၂၀၀ ကျပ် ရှိနေရာကနေ ၂၂ ရက်နေ့မှာ ၂၀၀ ကျပ်တိတိ ကျသွားပြီး ၁ ပိဿာကို ၄,၀၀၀ ကျပ်ဈေးနှုန်း ဖြစ်သွားတယ်။ မတ် ၂၀ အထိ ဒီဈေးအတိုင်းပဲ။ ကြက်သွန်ဖြူလည်း ကျသပ။ ဖေဖော်ဝါရီ ၂၁ ရက်နေ့ ကြက်သွန်ဖြူ ၁ ပိဿာဈေးနှုန်း ၂ သောင်းကျပ် ဈေးပေါက်တာ မတ် ၄ ရက်နေ့အထိ အဲဒီဈေးပဲ။ အဲ မတ် ၅ ရက်နေ့ကျတော့ ၂ ထောင်ကျပ် ပြုတ်ကျသွားပြီး ၁ သောင်း ၈ ထောင်ကျပ် ဈေးပေါက်သွားတယ်။ အဲဒါ မတ် ၂၀ ရက်နေ့ အထိပဲ။

ကြက်သွန်စျေးဟာ အရင်တလတာ ကာလတုန်းကလည်း ကျခဲ့တာပါပဲ။ ၂၀၂၅၊ ဇန်န ဝါရီ ၂၀ ရက်ကနေ မတ် ၂၀ အထိ ၂ လတာ ကာလကို ကြည့်ရင် ပိုကျတာပေါ့။ ဇန်နဝါရီ ၂၀ တုန်းက ကြက်သွန်နီက ၁ ပိဿာကို ၆ ထောင် ကျပ် ပေါက်ခဲ့တာပါ။ မတ် ၂၀ ကျတော့ ၄ ထောင်ကျပ်ဆိုတော့ ၂ လတာကာလအတွင်း ၂ ထောင်ကျပ် ကျသွားတယ်ပေါ့။

ကြက်သွန်ဖြူကလည်း ဇန်နဝါရီ ၂၀ ရက်နေ့တုန်းက ၂ သောင်း ၅ ထောင်ကျပ် စျေး ပေါက်ခဲ့တယ်။ မတ် ၂၀ မှာတော့ ၁ သောင်း ၈ ထောင်ကျပ်ဆိုတော့ ကြက်သွန်ဖြူ ၁ ပိဿာ စျေးနှုန်းဟာ ၂ လတာ ကာလ အတွင်း ၇ ထောင် ကျပ်လောက် ကျဆင်းသွားတာ မြင်နိုင်ပါတယ်။

**ပဲစျေးနှုန်း**




၂၀၂၅၊ ဖေဖော်ဝါရီ ၂၁ ရက်မှာ မတ်ပဲ ၁ အိတ် ( ၆၀ ပိဿာ ) ကို ၂၇၃,၀၀၀ ကျပ်စျေးရှိရာ က မတ် ၂၀ မှာတော့ ၂၈၃,၀၀၀ ကျပ်စျေးအထိ တက်သွားတယ်။ တအိတ် ၁ သောင်းလောက် တက်တာပေါ့။ ကုလားပဲစျေးကတော့ ကုလားပဲ ၁ အိတ် (၅၇.၂၅ ပိဿာ)ကို ဖေဖော်ဝါရီ ၂၁ ရက် မှာ ၂၃၇,၀၀၀ ကျပ် စျေးပေါက်တယ်။ မတ် ၂၀ မှာတော့ ၂၃၃,၀၀၀ ကျပ်အထိ ကျသွား တယ်။ တအိတ်ကို ၄,၀၀၀ ကျပ်လောက် ကျ တာပေါ့။

ဒါတွေကတော့ အထက်မှာ ပြောခဲ့သလိုပဲ DPNS ရဲ့ Data Collecting Team  က ရဲဘော်တွေ ၂၀၂၅၊ ဖေဖော်ဝါရီ ၂၁ ကနေ ၂၀၂၅၊ မတ် ၂၀ ရက်နေ့အထိ ကြိုးစားအားထုတ် စုစည်းထားတဲ့ လူမှုစီးပွါးမြင်ကွင်းပဲ ဖြစ်ကြောင်းပါ။

***** ***** *****



# နိုင်ငံတကာအမျိုးသမီးများနေ့ (၈ မတ်၊ ၂၀၂၅)
## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ [DPNS] ၏ လှုပ်ရှားမှုပုံရိပ်များ







# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အခြေခံ နိုင်ငံရေးအယူအဆနှင့် တန်ဖိုးထားမှုများ

## (လွတ်လပ်မှု၊ တန်းတူမှု၊ သွေးစည်းညီညွတ်မှုနှင့် ဒီမိုကရေစီ)

လွတ်လပ်မှု၊ တန်းတူမှု၊ သွေးစည်းညီညွတ်မှုတို့သည် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အခြေခံအုတ်မြစ်များ ဖြစ်သည်။ တပြိုင်နက်တည်းပင်တွင် ဒီမိုကရေစီလူ့အဖွဲ့အစည်းတရပ်သည်သာလျှင် လွတ်လပ်မှု၊ တန်းတူမှုနှင့် သွေးစည်းညီညွတ်မှုတို့အား လက်တွေ့တွင် အာမခံနိုင်လိမ့်မည်။ လူသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်းတူမှုနှင့် ငြိမ်းချမ်းသည့် ဘဝတို့အား ဖော်ဆောင်နိုင်လိမ့်မည်ဟု မိမိတို့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက ယုံကြည်သည်။

### လွတ်လပ်မှု

လူတိုင်းလူတိုင်း ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုမှ ကင်းလွတ်စေရမည်။ ငတ်မွတ်ခေါင်းပါးမှုဘေးမှ ကင်းလွတ်စေရမည်။ အသိပညာကင်းမဲ့မှုနှင့် အကြောက်တရားမျိုးစုံတို့မှလည်း လွတ်မြောက်စေရမည်။ မိမိတို့၏ ကံကြမ္မာအား မိမိတို့ဘာသာ ဆုံးဖြတ်နိုင်ခွင့် ရှိစေရမည်။ မိမိတဦးချင်းစီ၏ ဘဝဖွံ့ဖြိုး တိုးတက်ရေးနှင့် မိမိလူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များအား လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် ရှိစေရမည်။

လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ ပြောဆိုစည်းရုံးခွင့်စသည့် အခြေခံ လူမှုအခွင့်အရေးများသည် လွတ်လပ်မှု၏ အခြေခံ အခြေအနေများ ဖြစ်ပေသည်။ သို့သော်လည်း လူတို့၏ စီးပွားရေးဘဝနှင့် လူတန်းစားကွဲပြားခြားနားမှုများက ၎င်း လွတ်လပ်မှု အခြေအနေများအား လက်တွေ့ အကောင်အထည်ဖော်ရာတွင် လူတဦးချင်းစီအား သိသာစွာ ကွဲပြားခြားနားစေသည်။ မိမိကံကြမ္မာအား မိမိဆုံးဖြတ်ခွင့်ရှိသည်ဆိုသည့် လူတဦးချင်းစီ၏ အခွင့်အရေးများအားလည်း ကြီးစွာသက်ရောက်စေသည်။

လွတ်လပ်မှုဆိုသည်မှာ စီးပွားရေးအရ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှု၊ လူမျိုးရေးအရ၊ ယဉ်ကျေးမှုအရ၊ ဘာသာရေးအရ၊ လိင်အရ ဖိနှိပ်ခံရမှုတို့မှလည်းကောင်း အခြားဏ္ဍာန်ပေါင်းစုံဖြင့် ခွဲခြားဆက်ဆံခံရမှုတို့မှ လည်းကောင်း လွတ်မြောက်ခြင်း ဖြစ်သည်။ ထိုသို့သော လွတ်လပ်မှုသည်သာ လူတဦးချင်းစီအတွက်လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွက်လည်းကောင်း ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အား ဆောင်ကျဉ်းနိုင်လိမ့်မည် ဖြစ်သည်ဟု မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ယုံကြည်သည်။

*(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ပါတီစုံညီ အစည်းအဝေးက အတည်ပြုသည်။)*